မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၂၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တရားသူကြီးများသည် ခေတ်အမြင်၊ ခေတ်အတွေးဖြင့် မျှော်မြင်နိုင်အားရှိရမည် ပြည်သူတို့က လေးစားယုံကြည်သော သိက္ခာ၊ ကိုယ်ကျင့်တရားရှိအောင် အမြဲစောင့်ထိန်း တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာပြီး မှန်မှန်ကန်ကန် တရားမျှတမှုရှိရှိ စီရင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ ပူးပေါင်းအထောက်အကူပြုမှုကိုရယူ အမှန်အမှားခွဲခြားပြီး တရားမျှတမှုပေးနိုင်မှသာ တရားရုံး၏သိက္ခာကို မြှင့်တင်နိုင်မည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်နယ်၊ တိုင်း တရားသူကြီးများနှင့် ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများအား တရားရေးဆိုင်ရာများ၊ ဥပဒေရေးရာကိစ္စများကို ရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြည်နယ်၊ တိုင်း တရားသူကြီးများနှင့် ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ တရားရေးဆိုင်ရာများ၊ ဥပဒေရေးရာကိစ္စများကို ရှင်းလင်းမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

တရားရုံးများက ချမှတ်လိုက်သည့် စီရင်ဆုံးဖြတ်ချက်များသည် အဂတိလိုက်စားမှုကင်းရှင်းသော စီရင်ဆုံးဖြတ်ချက်များဖြစ်ရန်၊ မေတ္တာဖြင့်ယှဉ်သည့် သွန်သင်ဆုံးမမှုမျိုး၊ ပညာပေးမှုမျိုးဖြစ်ရန် အမြဲအလေးဂရုပြု။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

6-2 (01) 1 2/6/07, 2:14 PM

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်ရေး ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်လျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ်ကို အပြီးအပိုင် ချုပ်ငြိမ်းပပျောက်စေရေးအတွက် မြန်မာနိုင်ငံတွင် ၁၉၉၉–၂၀၀၀ခုနှစ်မှစ၍ ၁၅နှစ် စီမံကိန်းချမှတ်ပြီး အမျိုးသားရေးတာဝန်အဖြစ် ချေမှုန်းလျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို မဟာဗျူဟာနှစ်ရပ်အပြင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး ဟူသည့် နည်းဗျူဟာသုံးရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်က မူးယစ်ဆေးဝါးအန္တရာယ် ချုပ်ငြိမ်းပပျောက်ရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ဆက်စပ်ပြီး ပန်းတိုင်သစ်စီမံကိန်းကိုလည်း အကောင်အထည်ဖော်ခဲ့သည်။ ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာခဲ့သည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားဒေသကို ၁၉၉၇ခုနှစ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကင်းရှင်းသည့်ဇုန်အဖြစ် ကမ္ဘာသို့ကြေညာခဲ့ပြီး ၂၀၀၃ခုနှစ်တွင် ကိုးကန့်နှင့် ၂၀၀၅ခုနှစ်တွင် ‘ဝ’ဒေသတို့ကို ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု ကင်းရှင်းသည့်ဇုန်အဖြစ် ကြေညာနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် အသိပညာပေးပြတိုက်များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နှင့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်တို့တွင် ဖွင့်လှစ်ပြသထားသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှု ရရှိနေသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် လူတစ်ဦး၊ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ ပြဿနာမဟုတ်ဘဲ လူသားအားလုံး ရင်ဆိုင်နေရသော ပြဿနာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်အောင်မြင်မှုသည် ကမ္ဘာတစ်ဝန်းတွင် လျော့ပါးစေမည့် စွမ်းဆောင်မှုလည်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်ပြီး မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နိုင်သည်နှင့်အမျှ မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်း မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့စေတီတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရေးစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၅

မင်္ဂလာဒုံမြို့နယ်သမိုင်းဝင်ကျိုက္ကလဲ့စေတီတော်မြတ်ကြီး၏ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရေးအစည်းအဝေးနှင့် ဘက်စုံမွမ်းမံရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်က ဂေါပကရုံး၌ ကျင်းပသည်။

လှူဒါန်း

အစည်းအဝေးက ဖေဖော်ဝါရီ ၉ရက် ညနေ ၃နာရီတွင် ဘုရားအမှူးပြုသောသံဃာတော် ၁၀၈ပါးတို့အား (၉၁)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရန် ဆုံးဖြတ်ကြသည်။ ထို့နောက် ဂေါပကအဖွဲ့မှ မွမ်းမံလျက်ရှိသောစေတီတော်ပန်းဆွဲမှခေါင်းလောင်းတော်အထိ ရွှေသက်န်းကပ်လှူရန် ကိုးလက်မပတ်လည်ကြေးပြားအချပ်၂၄၀၀နှင့် ရွှေဆိုင်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဗိုလ်ချုပ်ဝင်းသန်းနှင့်ဇနီးဒေါ်ရီရီဝင်းတို့က ငွေကျပ်ငါးသိန်း၊ ဗိုလ်မှူးချုပ်သန့်ဆွေနှင့်ဇနီးဒေါ်ခင်ခင်လှတို့ကငွေကျပ်တစ်သိန်း၊ ဦးအောင်နိုင်နှင့် ဇနီးဒေါ်တင်ကြည်တို့က ငွေကျပ်သုံးသိန်း၊ ဦးခင်မောင်အေး–ဒေါ်ဝင်းဝင်းမြင့်တို့က ငွေကျပ်တစ်သိန်း၊ ဦးချစ်ရှိန်–ဒေါ်မေမေထွန်းတို့က ငွေကျပ်တစ်သိန်း၊ ဒေါက်တာမျိုးဝင်း–ဒေါက်တာဆွေဆွေသက်တို့က ငွေကျပ်တစ်သိန်း ပေးအပ် လှူဒါန်းကြရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်းနိုင်

အလှူငွေများလှူဒါန်းလိုပါက အကျိုးတော်ဆောင်ဆရာတော် (သရက်တောကျောင်းတိုက်)ဖုန်း–၆၃၆၄၆၅၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးအောင်နိုင် ဖုန်း–၆၃၆၃၁၀ နှင့် ဂေါပကအဖွဲ့ရုံး ဖုန်း–၆၃၆၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(၃၆၃)**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၅

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ၏ ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲကို ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက် ဖေဖော်ဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက်၊ ကြားတောရလမ်းရှိ မဟာသာသနဝေပုလ္လ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုရရှိကြသော ဗုဒ္ဓစာပေ ပထမဆု – (ဝါကျတ္ထ ဒီပကကျမ်း)– ဘဒ္ဒန္တ ကောဝိဒ၊ ဗုဒ္ဓစာပေ ဒုတိယ (သရဏဂုံဆိုင်ရာအဖွင့်) – ဘိုကလေး အရှင်ပဏ္ဍိတ၊ အဂ္ဂမဟာအကျော် (ဓမ္မာစရိယပထမ) – အရှင် ဇောတိပါလ၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (သကျသီဟ)–အရှင် ခေမာစာရာဘိဝံသ၊ စေတိယင်္ဂဏပရိယတ္တိ ဓမ္မာစရိယ– အရှင်ဇနိတာလင်္ကာရာဘိဝံသ၊ ပထမကျော်(ပထမ ကြီးတန်း ပထမ)– အရှင်ဇဝနာလင်္ကာရ၊ ပထမလတ်တန်း ပထမ – ရှင်ဉာဏာစ ဇာလင်္ကာရ၊ ပထမငယ်တန်းပထမ – ရှင်အဂ္ဂနန္ဒ၊ သီလရှင်များ – ဓမ္မာစရိယတန်း ပထမ– မတေဇဝတီ၊ ပထမကြီးတန်း ပထမ– မစန္ဒာသိရီ၊ ပထမလတ်တန်း ပထမ– ဒေါ်သောဏာထေရီ၊ ပထမငယ်တန်း ပထမ – မအေးအေးထွေး၊ အဘိဓမ္မာ ဂုဏ်ထူးအောင် ပထမ– မောင်မျိုးမင်းထူး၊ အဘိဓမ္မာ ဂုဏ်ထူးဆောင်အထူးအောင် ပထမ– မမီမီကို၊ ဝိသုဒ္ဓိမဂ် အထူးအောင် ပထမ–မဝေမွန်ကျော်၊ မြန်မာတစ်ပြည်လုံး သိပ္ပံဘာသာ ပထမ–မအိအိလှိုင်၊ မြန်မာပြည်တစ်ပြည်လုံး ဝိဇ္ဇာဘာသာ ပထမ–မအေးချမ်းအောင်တို့ဖြစ်ကြပြီး ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆု ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုကြသော အလှူရှင်များသည် ပဓာနနာယကဆရာတော် ဦးဓမ္မတိဏ္ဏ၊ မဟာသာသနဝေပုလ္လကျောင်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၈၀၈၆၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

စီပိုးရှိသူများ အရက်အလွန်အကျွံသောက်လျှင် စောစီးစွာသေဆုံးနိုင်မှုယ်ရှိ

နယူးယောက် ဖေဖော်ဝါရီ ၅

အရက်အလွန်အကျွံ သောက်သုံးခြင်းဖြင့် အမျိုးသားများထက် အမျိုးသမီးများသည် အသည်းရောဂါ စီပိုးဖြင့် သေဆုံးရန်ပို၍များကြောင်း အစီရင်ခံစာ တစ်စောင်တွင် ဖော်ပြသည်။

ယခင်က လေ့လာတွေ့ရှိချက်များသည် စီရောဂါပိုးရှိသူများသည် အရက်သောက်သုံးလျှင် စွန့်စားရမှု ပိုများသည်ဟု ညွှန်းဆိုထားကြောင်း၊ သို့ရာတွင် အမျိုးသမီးနှင့် အမျိုးသား သီးခြားစီ စစ်ဆေးလေ့လာမှုပြုခဲ့ကြောင်း ဗာဂျီးနီးယားပြည်နယ် အာလင်တန်မြို့မှ စာရေးဆရာ ဆရာဝန်ချီယန်ချန်းက ပြောကြားသည်။

ဆန်းစစ်လေ့လာ

ချန်းနှင့် လုပ်ဖော်ကိုင်ဖက်များသည် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၂ခုနှစ်အတွင်း ဗဟိုအမျိုးသားကျန်းမာရေး စာရင်းဇယားများကို အခြေခံလျက် စီရောဂါပိုး၊ သို့မဟုတ် အရက်အလွန်အကျွံသောက်၍ သေဆုံးသူ ၁၃၂၄၆၈ဦးတို့အား ဆန်းစစ်လေ့လာခဲ့ကြသည်။

အသက်ရှင်နိုင်

အရက်အလွန်အကျွံ မသောက်သော အမျိုးသမီး အသည်းရောဂါ စီပိုးရှိသူများသည် ပျမ်းမျှသက်တမ်း အသက် ၆၁ နှစ်ကျော် နေနိုင်ကြပြီး အရက်အလွန်အကျွံ သောက်သူများသည် အသက်၄၉နှစ်ကျော်သာ အသက်ရှင်နေနိုင်ကြသည်ဟု အဆိုပါ သုတေသီအဖွဲ့က လေ့လာတင်ပြခဲ့သည်။

စီပိုးရှိပြီး အရက်အလွန်အကျွံသောက်သည့် အမျိုးသားများသည် ပျမ်းမျှအားဖြင့် သက်တမ်း၅၀ ဝန်းကျင်၌သာ အသက်ရှင်နေထိုင်နိုင်ကြသည်ဟုဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အမေရိကန်၏ ဒုံးခွင်းဒုံးကာကွယ်ရေးအစီအစဉ် ရုရှားသမ္မတ ပူတင် ဝေဖန်ပြောကြား

မော်စကို ဖေဖော်ဝါရီ ၅

ဥရောပအလယ်ပိုင်းတွင် အမေရိကန်၏ ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်အစီအစဉ်သည် ရုရှားနိုင်ငံအား ထိခိုက်လာနိုင်စရာရှိသဖြင့် ရုရှားသမ္မတ ဗလာဒီမာပူတင်က ဖေဖော်ဝါရီ ၁ ရက်တွင် ဝေဖန်ပြောကြားလိုက်ပြီး ရုရှားနိုင်ငံအနေဖြင့် ထိရောက်စွာ တုံ့ပြန်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။

အမေရိကန်က ချက်သမ္မတနိုင်ငံ၌ ရေဒါစခန်းတစ်ခုတည်ဆောက်ရေးနှင့် ပိုလန်၌ အီရန်က ပစ်ခတ်လာနိုင်သည့် ဒုံးကျည်များကို ပစ်ချနိုင်ရန် ဒုံးပျံကာကွယ်ရေးတပ် ချထားရေးကိစ္စကို ရွေ့ဆိုင်းထားသည်။

တိုက်ရိုက်ထိခိုက်

ဝါရှင်တန်က အီရန်မှ ပစ်ခတ်လာနိုင်သည့် ဒုံးကျည်များကို ဥရောပနိုင်ငံများအား ကာကွယ်ပေးရန် တိုက်တွန်းချက်ကို ပူတင်က ငြင်းဆိုလိုက်ပြီး ဒုံးခွင်းဒုံး ကာကွယ်ရေးစနစ်သည် ရုရှားနိုင်ငံအား တိုက်ရိုက်ထိခိုက်စေနိုင်ကြောင်းလည်း ၎င်းကပြောကြားလိုက်သည်။

ရှင်းလင်းပွဲ

အရှေ့ဥရောပတွင် ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ထားရှိခြင်းမှာ အကြမ်းဖက်သူများ သို့တည်းမဟုတ် အီရန်ကို ရည်ရွယ်သည်ဟု မိမိတို့မထင်ကြောင်း၊ အီရန်နိုင်ငံသည် တာဝေးပစ်ဒုံးကျည်များကို ပိုင်ဆိုင်သည့် နိုင်ငံမဟုတ်ကြောင်း၊ တာလတ်ပစ်ဒုံးကျည်များကိုသာ ပိုင်ဆိုင်မှုရှိကြောင်း၊ မိမိတို့အနေဖြင့် ပြင်ပလုံခြုံရေးကို သေချာမှုရှိစေရန် မည်သို့ဆောင်ရွက်သင့်သည်ကို စဉ်းစားနေပြီဖြစ်ကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် ဒုံးခွင်းဒုံး ကာကွယ်ရေးစနစ်များကို ကျော်လွှားနိုင်သည့် စနစ်များ ရှိထားပြီဖြစ်ကြောင်း၊ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်များမှာ အနာဂတ် လက်နက်အသစ်အဆန်းများကို အလုံးစုံကာကွယ်ပေးနိုင်စွမ်းမရှိတော့ကြောင်း သမ္မတပူတင်က မော်စကိုမြို့၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဝေဖန်ပြောကြား

ရုရှား လက်နက်ကုမ္ပဏီများက အီရန်နှင့် ဆီးရီးယားနိုင်ငံများသို့ လက်နက်ရောင်းချနေခြင်းကြောင့် အရေးယူဆောင်ရွက်ရန် ဝါရှင်တန် အနေဖြင့် ယမန်နှစ်က ဆုံးဖြတ်ချက်ချခဲ့ခြင်းကိုလည်း ပူတင်က ဝေဖန်ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

မြဝတီရုပ်မြင်သံကြား

၆–၂–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	ပညာခေတ်
၅း၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြစ်တစ်စင်းရဲ့သံစဉ်”** (အပိုင်း–၁၇)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”** (ဒုတိယတွဲ) (အပိုင်း–၂၀)

တရားသူကြီးများက တရားခွင်ကို ဥပဒေနှင့်အညီ ပိုင်ပိုင်နိုင်နိုင် သိက္ခာရှိရှိထိန်းကျောင်း ဥပဒေအရာထမ်းများက ဥပဒေများကို တတ်သိနားလည်ပြီး တရားခွင်နှင့်ပြည်သူကိုစောင့်ရှောက်

■ ရှေ့ဖုံးမှ

တက်ရောက်

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ တရားရုံးချုပ် တရားသူကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်းတရားသူကြီးများ၊ ပြည်နယ်၊ တိုင်းဥပဒေအရာရှိများ၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ပျဉ်းမနားခရိုင်အတွင်းရှိ တရားသူကြီးများ၊ ဥပဒေအရာရှိများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာတွင် နိုင်ငံတော်ကို ခေတ်သစ် စနစ်သစ်နှင့်အညီ ဘက်စုံပြုပြင် ပြောင်းလဲ တည်ဆောက်နေချိန်၌ မိမိတို့အားလုံးသည် ကျရာအခန်းကဏ္ဍ အသီးသီးမှနေ၍ တက်ညီလက်ညီ အတူတကွ ရန်းကန်ကြိုးစား ထမ်းဆောင်လျက်ရှိကြရာ အချင်းချင်း အပြန်အလှန် စောင့်ရှောက်ထိန်းကျောင်းမှု၊ သွန်သင်ဆုံးမမှု၊ ကြပ်မတ်ကွပ်ကဲမှုတို့ဖြင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များ ပိုမိုထက်မြက်မှန်ကန်လာအောင်၊ ပြည်သူများကို ပိုမိုအကျိုးပြုလာနိုင်အောင် အမြဲပြုပြင်သွားကြရမှာပင် ဖြစ်ကြောင်း။

ဆောင်ရန်၊ ရှောင်ရန်

တရားစီရင်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြသည့် တရားသူကြီးများနှင့် ဥပဒေအရာရှိများကိုလည်း ပြည်သူ အားကိုးယုံကြည်သူများ ဖြစ်လာစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ပြုပြင်သင့်သည့် အချက်များကို မိမိအနေဖြင့် ၂၀၀၆ခုနှစ်တုန်းကတစ်ကြိမ် ရှင်းလင်း ပြောကြားခဲ့ပြီးဖြစ်ကြောင်း။

ယခု ၂၀၀၇ခုနှစ်တွင် ထပ်မံပြီး ယခုကဲ့သို့ တွေ့ဆုံရသည့်အခါ၌ အကြောင်းအရာအရ အသစ်အဆန်းမဟုတ်သော်လည်း ပြည်သူများအကြား၌ အမြဲတမ်းပြော၍၊ ဝေဖန်၍မကုန်သည့် တရားရုံးအဆင့်ဆင့်အကြောင်း၊ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲအရာရှိများအကြောင်းကိုပဲ ဝေဖန်ဆန်းစစ်၍ ပြုပြင်သတိထားသင့်သည်များကို ပြောကြားသွားမှာဖြစ်ကြောင်း၊ **အထူးသဖြင့် နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုက်လျောညီထွေရှိအောင် အုပ်ချုပ်ရေးအပိုင်းကို ပြုပြင်ပြောင်းလဲနေသည့်အချိန်၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများကိုလည်း ပြန်လည်ပြုပြင် ဖွဲ့စည်းခြင်း၊ မသမာမှုများကို ဖော်ထုတ်အရေးယူခြင်း၊ ပြည်သူများ၏ ဝေဖန်တိုင်ကြားမှုများကို ဖိတ်ခေါ်လက်ခံခြင်းတို့ကို ပြုလုပ်နေသည့်အချိန်၊ ယင်းကဲ့သို့ အထွေထွေပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေချိန်၌ တရားရေးအပိုင်းကလည်း လိုက်လျောညီညွတ်စွာ အလိုက်သင့်၊ အလျားသင့် ပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီဖြစ်ကြောင်း။**

ဆုံးမပြုပြင်

တရားရေးအပိုင်းနှင့် စပ်လျဉ်းပြီး တရားဥပဒေ၏တန်ဖိုးကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ တရားရေးမဏ္ဍိုင်ကို တည့်မတ်ခိုင်မာအောင် ကြိုးစားကြရန်၊ တံစိုးသုံးပါးနှင့် အဂတိလေးပါးတို့ကို မလိုက်စားရန် သူ့ခေတ်သူ့အခါအလျောက် တာဝန်ရှိသူ အဆက်ဆက်က လိုအပ်သလို ဆုံးမပြုပြင်ခဲ့ကြကြောင်း။

မြန်မာပညာရှိ ဦးဘိုးလှိုင်က ရာဇဓမ္မသင်္ဂဟကျမ်းတွင် **“လောက၌ တရားကိုမစောင့်၊ မကျင့်ဘဲ တရားကိုကင်း၍ ချမ်းသာတိုးပွားသော မည်သည့်မရှိ။ လောက၌ မည်သည့်အရပ် ဆုတ်ယုတ်ပျက်စီးသည်ဆိုလျှင် ထိုအရပ်၌ ဧကန် တရားပျက်သည်။ အကြင်အရပ်၌ တိုးပွားဖြစ်ထွန်းလျှင် ထိုအရပ်၌ ဧကန် တရားရှိသည်”** ဟု ရေးသားဆုံးမခဲ့သည်ကို မှတ်သားခဲ့ဖူးကြောင်း။

ခိုင်မာမှုရှိ

ယင်းကဲ့သို့ မြန်မာပညာရှိ အဆက်ဆက် ညှိနှိုင်းတိုင်ပင် ဆုံးမမှုများကို အခြေခံပြီး မင်း၏အာဏာစက်ဖြင့် ပြဋ္ဌာန်း၍ ပြည်သူများ၏ ရိုသေလေးစားလိုက်နာမှုဖြင့် ထူထောင်ခဲ့သည့် **မြန်မာ့တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ တရားစုများမှာ ဓမ္မသတ်၊ ရာဇသတ်၊ ဖြတ်ထုံး၊ လျှောက်ထုံးများဖြင့် ပြည့်ပြည့်စုံစုံ သမိုင်းကြောင်းအရဖြစ်စေ၊ ဥပဒေကြောင်းအရဖြစ်စေ ကျောထောက်နောက်ခံ ခိုင်မာမှုရှိပြီးဖြစ်ကြောင်း။**

တရားဥပဒေသည် လူအချင်းချင်းဆက်ဆံရေး၊ အေးအတူ ပူအမျှယှဉ်တွဲနေထိုင်ရေးကို ချောမွေ့ပြေပြစ်စေပြီး အများစိတ်ချမ်းသာရေးကို ကာကွယ်စောင့်ရှောက်နိုင်စွမ်း ရှိရမှာဖြစ်ကြောင်း၊ **တရားဥပဒေကို စောင့်ရှောက်သည့် တရားရုံးများသည် တရားရုံးကို ရောက်ရှိနေကြသော ပြည်သူများကို တရားနှင့်အညီ မှန်ကန်မျှတစွာ မစောင့်ရှောက်နိုင်ဘဲ ဖိစီးမှုပေးနေမည်ဆိုလျှင် ပြည့်မျက်စိ မဖြစ်နိုင်တော့ဘဲ ပြည်သူမျက်မုန်းကျိုးစရာ ဖြစ်စေမှာသာ ဖြစ်ကြောင်း။**

လူ့ဘဝကြေးမုံပြင်

တရားရုံးများသည် လူများ၏ လူမှုပြဿနာများကို တရားရုံးရှေ့မှောက်၌ တရားနှင့်အညီ မှန်ကန်မျှတစွာ ဖြေရှင်းကူညီနိုင်သည်နှင့်အမျှ တရားရုံးများ၏ ဂုဏ်သိက္ခာ မြင့်တက်လာမှာဖြစ်သည့်အပြင် လူ့ဘဝ၊ လူ့ပြဿနာ၏ ကြေးမုံပြင်အဖြစ်၊ တိုင်းပြည်၏ မျက်စိအဖြစ် ပီပီပြင်ပြင် ပြည်သူအများက အသိအမှတ်ပြုလာကြမှာဖြစ်ကြောင်း။

ခေတ်ဟောင်းတရားရုံး၊ ခေတ်သစ်တရားရုံး၊ မည်သည့်တရားရုံးပင်ဖြစ်ဖြစ်၊ တရားခွင်အဝန်းအဝိုင်းက ကျဉ်းသော်လည်း လူများ၏ပြဿနာကို အမှန်၊ အမှား ဖော်ထုတ်ပြီး တရားနည်းလမ်းတကျ ဖြေရှင်းပေးခြင်းဖြစ်သည့်အတွက် ပြည်သူအများ စိတ်ဝင်စားကြ၊ ဝေဖန်ဆန်းစစ်ကြစမြဲ ဖြစ်ကြောင်း။

အလွန်ကျယ်ဝန်း

မည်သည့်အမှုကို ကျူးလွန်လျှင် မည်သို့သော ပြစ်ဒဏ်ထိုက်သည်၊ မည်သည့် တရားသူကြီးက မည်သို့ ဖော်ထုတ်စီရင်သည်၊ လာဘ်စားသည်၊ ဘက်လိုက်သည်၊ ဟိန်းဟောက်သည်၊ မည်သည့်ရှေ့နေက မည်သည့်အမှုမျိုးဆိုလျှင် ပိုင်သည် စသည့် ဝေဖန်သံမျိုးစုံသည် တရားရုံးပြင်ပ၌ ပျံ့နှံ့နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တရားစီရင်ရေးသည် အဝန်းအဝိုင်းကျဉ်းသော်လည်း ယင်း၏ အကျိုးသက်ရောက်မှုမှာ အလွန်ကျယ်ဝန်းကြောင်း။

ထို့ကြောင့် တရားရေးနှင့်ဆက်စပ်နေသည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တရားသူကြီးများ၊ ဥပဒေဝန်ထမ်းများ၊ ရဲအရာရှိများ၊ ရှေ့နေများသည် ပြည်သူများ၏ အကဲဖြတ် မှတ်ကျောက်တင်ခံနိုင်စွမ်းရှိကြရမှာဖြစ်ကြောင်း၊ ပြည်သူတို့က လေးစားယုံကြည်ထိုက်သော သိက္ခာ၊ ကိုယ်ကျင့်တရားရှိနေအောင် အမြဲစောင့်ထိန်းထိုက်ကြောင်း။

အစွန်းရောက်

ယနေ့ တိုင်းပြည်၏အခြေအနေမှာ ခေတ်သစ်တစ်ခုကို ညင်သာစွာ ကူးပြောင်းနိုင်ရန်အတွက် ဘက်စုံကဏ္ဍစုံမှ ပြင်းပြင်းထန်ထန် အရှိန်ယူနေသည့် ကာလဖြစ်ကြောင်း၊ တရားရေးလုပ်ငန်း၊ ရဲလုပ်ငန်း၊ အုပ်ချုပ်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်တည်ဆောက်ထူထောင်ရေးလုပ်ငန်းများကို အဆက်အစပ်ရှိရှိ အမြင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်နိုင်ရမှာ ဖြစ်ကြောင်း၊ မိမိဌာန၏ လုပ်ငန်းကိုသာ ကွက်ပြီး အလေးထားနေ၊ အာရုံစိုက်နေလျှင် လူ့အဖွဲ့အစည်းနှင့် ကင်းကွာသည့် အစွန်းရောက်မှုများ၊ ပြည်သူအပေါ် အလေးမထားမိခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး ဌာနစွဲစိတ် ဝင်သွားမှာသေချာကြောင်း၊ လူနည်းစုကိုသာ အကျိုးပြုသော ကျဉ်းမြောင်းသည့် တရားရုံးဗျူရိုကရေစီစိတ်ဓာတ်သည် ခေတ်သစ်စနစ်သစ်၏ ရေစီးကြောင်းနှင့် ဆန့်ကျင်စွာ ပေါ်ထွက်လာနိုင်သည်ကို တရားသူကြီးများသည် ပညာတတ်များပီပီ ခေတ်အမြင်၊ ခေတ်အတွေးဖြင့် မြော်မြင်နိုင်အားရှိရမှာ ဖြစ်ကြောင်း။

တရားခွင်၏ ပြင်ပကို ကျယ်ကျယ်ပြန့်ပြန့် မျှော်ကြည့်နိုင်အားရှိကြရမှာဖြစ်ကြောင်း၊ တရားစီရင်ရေးဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခိုင်မြဲစေရမည်ဆိုသည့် ခံယူချက်ကို အရင်းတည် ကြရမှာဖြစ်ကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုနိုင်အား ရှိရမှာဖြစ်ကြောင်း၊ မိမိတို့ဘဝနှင့် ပြည်သူ၏ဘဝကို ဆက်စပ်နိုင်ရမှာ ဖြစ်ကြောင်း၊ ထို့ပြင် တရားရုံးများသည် အမှုသည်များကို **အနိုင်အရှုံး အဆုံးအဖြတ်ပေးရန်သာ မဟုတ်ဘဲ ဥပဒေ၏တန်ဖိုးနှင့် ဥပဒေ၏ စောင့်ရှောက်နိုင်အားကို နားလည်သိရှိအောင် ပညာပေးနိုင်ရမှာ ဖြစ်ကြောင်း၊ အမှန်အမှားကို ခွဲခြားဝေဖန်ပြီး အတတ်နိုင်ဆုံး တရားမျှတမှုနှင့် သင့်မြတ်မှုကို ပေးနိုင်မှသာ တရားရုံး၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မှာ ဖြစ်ကြောင်း။**

ချိန်ဆလုပ်ကိုင်

ဥပဒေသည် ပြည်သူများအတွက်ဖြစ်သကဲ့သို့ တရားရုံးများသည်လည်း ပြည်သူ့အတွက် ဖြစ်စေရမှာဖြစ်ကြောင်း၊ ပြည်သူက တရားဥပဒေကို လေးစားလိုက်နာ၊ တရားဥပဒေက ပြည်သူကို စောင့်ရှောက်ကာကွယ်စသည့် အပြန်အလှန်သဘောကို ပေါ်လွင်အောင် ပုံဖော်လုပ်ကိုင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းများကို လုပ်ကိုင်ရာတွင်လည်း နိုင်ငံတော်၏ မူဝါဒများနှင့် တည်ဆဲတရားဥပဒေများကို မျှတအောင်၊ ညီညွတ်အောင် ချိန်ဆလုပ်ကိုင်သွားကြရန် အထူးလိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံရေးအမြင်နှင့် ဥပဒေရေးရာအမြင်တို့ကို စနစ်တကျ ပေါင်းစပ်နိုင်ရန်ဖြစ်ကြောင်း၊ ပြည်သူနားမလည်နိုင်သော ဥပဒေအသုံးအနှုန်းများကို ကြီးကျယ်ခံ့ညားစွာ သုံးစွဲနေခြင်းသည် အစွန်းထွက်တစ်မျိုးဖြစ်သကဲ့သို့ ဥပဒေ၏ ပကတိသဘောကို ပစ်ပယ်ခြင်းသည်လည်း အစွန်းထွက်ခြင်းပဲဖြစ်ကြောင်း။

ထို့အတူ တရားရုံးများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ ဆက်ဆံရေးအပိုင်း၌ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ရပ်ရွာအေးချမ်းသာယာရေး၊ တည်ငြိမ်ရေးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ တရားစီရင်ရေး တည့်မတ်မှန်ကန်ရေးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ တရားရုံးပတ်ဝန်းကျင်၌ အနိဋ္ဌာရုံမြင်ကွင်းများ ပပျောက်ရေးနှင့်စပ်လျဉ်း၍ဖြစ်စေ လိုအပ်ချက်များကို ညှိနှိုင်းဖော်ညွှန်း ပေါင်းစပ်လာသည့်အခါ တရားရုံးများက အလေးအနက်ထား တုံ့ပြန်ခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ခြင်းတို့ကို ပြုလုပ်ရန် အရေးကြီးကြောင်း၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခန့်အပ်တာဝန်ပေးထားသည့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များဖြစ်ကြောင်း၊ ယင်းအုပ်ချုပ်ရေးအဖွဲ့များ၏ အခန်းကဏ္ဍကိုလည်း မှန်မှန်ကန်ကန် နားလည်ခံယူနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်း အချင်းချင်း အပြန်အလှန် စောင့်ရှောက်ထိန်းကျောင်းတတ်ရမှာဖြစ်ကြောင်း၊ ပညာရှိတရားသူကြီးများပီပီ ဆင်ခြင်တုံတရားဖြင့် သုံးသပ်ပြီး လွန်ကျူးမှုများ မဖြစ်ရအောင် သတိပြု လုပ်ကိုင်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း။

ဝင်ရောက်စိုးမိုး

အလားတူပင် အုပ်ချုပ်ရေးအဖွဲ့များက တရားစီရင်ရေးလုပ်ငန်းများ၌ အမှုတစ်မှုချင်းအလိုက် မည်သို့မည်ပုံ ဆုံးဖြတ်လုပ်ကိုင်ရန်အထိ စိတ်ဝင်စားနေခြင်းမျိုးသည်လည်း တရားစီရင်ရေးလုပ်ငန်းကို ဝင်ရောက်စိုးမိုး စွက်ဖက်ရာ ရောက်သည့် လွန်ကျူးမှုမျိုးဖြစ်ကြောင်း။

မည်သို့သော လွန်ကျူးမှုမျိုးမျှ မကောင်းသဖြင့် သတိပြုရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ **အရေးကြီးဆုံးမှာ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာပြီး မှန်မှန်ကန်ကန်၊ မြန်မြန်ထက်ထက်၊ တရားမျှတမှုရှိရှိ တရားစီရင်နိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ ပူးပေါင်းအထောက်အကူပြုမှုကို ရယူလုပ်ကိုင်သွားရန်ဖြစ်ကြောင်း။**

စာမျက်နှာ ၆ ကော်လံ ၁

ခေတ်အမြင်၊ ခေတ်အတွေးဖြင့် မျှော်မြင်နိုင်အားရှိရမည်

ယနေ့ တိုင်းပြည်၏အခြေအနေမှာ ခေတ်သစ်တစ်ခုကို ညင်သာစွာ ကူးပြောင်းနိုင်ရန်အတွက် ဘက်စုံ ကဏ္ဍစုံမှ ပြင်းပြင်းထန်ထန် အရှိန်ယူနေသည့် ကာလဖြစ်၊ တရားရေးလုပ်ငန်း၊ ရဲလုပ်ငန်း၊ အုပ်ချုပ်ရေးလုပ်ငန်းများနှင့် နိုင်ငံတော် တည်ဆောက်ထူထောင်ရေးလုပ်ငန်းများကို အဆက်အစပ်ရှိရှိ အမြင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်၊ မိမိဌာန၏လုပ်ငန်းကိုသာကွက်ပြီး အလေးထားနေ၊ အာရုံစိုက်နေလျှင် လူ့အဖွဲ့အစည်းနှင့် ကင်းကွာသည့် အစွန်းရောက်မှုများ၊ ပြည်သူအပေါ် အလေးမထားမိခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး ဌာနစွဲစိတ် ဝင်သွားမှာသေချာ၊ လူနည်းစုကိုသာ အကျိုးပြုသော ကျဉ်းမြောင်းသည့် တရားရုံးဗျူရိုကရေစီစိတ်ဓာတ်သည် ခေတ်သစ်စနစ်သစ်၏ ရေစီးကြောင်းနှင့် ဆန့်ကျင်စွာ ပေါ်ထွက်လာနိုင်သည်ကို တရားသူကြီးများသည် ပညာတတ်များပီပီ ခေတ်အမြင်၊ ခေတ်အတွေးဖြင့် မြော်မြင်နိုင်အား ရှိရမှာဖြစ်။

● ***ကျောဖုံးမှ***

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရအောင် နယ်ပယ်ကဏ္ဍစုံမှာ ဖြန့်ကြက်ပြီး စနစ်တကျဖြင့် အစီအစဉ်ရှိရှိ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ဆရာ ဆရာမများအားလုံး သိရှိကြပြီးဖြစ်ကြောင်း။

နေ့မအား ညမနား

ယင်းသို့ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် သာမန် အားထုတ်ဆောင်ရွက်မှုမျှသာ မဟုတ်ဘဲ အဘက်ဘက်က ဖွံ့ဖြိုးမှု နောက်ကျနေသည့်အခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးကအစ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ကင်းမဲ့နေသည့် အခြေအနေ၊ စီးပွားရေး၊ ဘဏ္ဍာရေးချည့်နဲ့နေသည့်အခြေအနေမှ ယနေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် စတင်ရရှိလာသည်အထိ ဆယ်စုနှစ် တစ်နှစ်ကျော် နေ့မအား ညမနား ကြိုးစားဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

အထူးသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပြီး လက်နက်ကိုင်ဆန့်ကျင်မှုများရှိနေခဲ့ခြင်းကြောင့် ကျေးရွာသာသာအဆင့်က မတိုးတက်ခဲ့ရသည့် နယ်စပ်ဒေသများတွင် ယနေ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ဖြစ်ထွန်းပြီး နယ်မြေဒေသ အေးချမ်းသာယာမှုနှင့်အတူ ခေတ်မီမြို့ကြီးပြကြီးများ ပေါ်ထွန်းလာခဲ့သည့် အခြေအနေရောက်အောင် အနှောင့်အယှက် အတားအဆီး သွေးခွဲသပ်လျှိုမှုအဖုံဖုံကို ဖြတ်သန်းကြိုးပမ်း ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

မမေ့မလျော့သတိပြု

ထို့ကြောင့် ယနေ့ရရှိနေသည့် အောင်မြင်တိုးတက်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများမှာ သာမန်ကြိုးစားအားထုတ်မှုမျှဖြင့် ရရှိလာခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးကို အခြေခံသော မူဝါဒ၊ အမြော်အမြင်ကြီးမားသော ခေါင်းဆောင်မှု၊ အနာဂတ်ကို မျှော်မှန်းသော လုပ်ငန်းစဉ်များ၏ ပြည့်စုံမှန်ကန်မှုနှင့်တကွ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၏ တက်ညီလက်ညီပူးပေါင်း လက်တွဲဆောင်ရွက်မှုများ ပေါင်းစည်းပြီး ရရှိဖြစ်ထွန်းလာခဲ့သည့် အောင်မြင်မှုအသီးအပွင့် အကျိုးရလဒ်ကောင်းများပင် ဖြစ်သည်ဆိုသည်ကို မမေ့မလျော့ သတိပြုမိကြရန်လိုကြောင်း။

နိုင်ငံတော်ကြီး ယနေ့အခြေအနေရောက်အောင် ဖွံ့ဖြိုးတိုးတက် အောင်မြင်ဖြစ်ထွန်းနေပြီဆိုသော်လည်း ရှေ့ဆက်ဆောင်ရွက်ဖွယ်လုပ်ငန်းများစွာ ကျန်ရှိပါသေးကြောင်း၊ ရရှိဖြစ်ထွန်းနေသည့် အောင်မြင်တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းမြှင့်တင်ပြီး တိုင်းရင်းသားလူမျိုးများအားလုံး၊ နိုင်ငံသူ နိုင်ငံသားများအားလုံး၏ စုစည်းညီညွတ်သည့် စွမ်းအားဖြင့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ရောက်သည်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရဦးမှာ ဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မှန်းဆရှုမြင်ပုံဖော် ကြည့်ရှုနိုင်နေပြီဖြစ်သည့် ယနေ့အချိန်အခါတွင် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာသည်အထိ ညီညီညွတ်ညွတ်ဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုပါသေးကြောင်း။

ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး၏လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသည်နှင့်အမျှ တစ်ချိန်တည်းမှာပင် စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးနှင့် ထိုက်တန်သည့် အခြေခံကောင်းများ၊ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေးအတွက် အာမခံနိုင်မည့် အခြေခံကောင်းများ နိုင်ငံတော်အတွင်းမှာ ခိုင်ခိုင်မာမာဖြစ်ထွန်းနေစေရအောင် ကြိုတင်တည်ဆောက်ထားကြရဦးမှာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ခိုင်ခိုင်မာမာတည်ရှိ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန်နှင့် အရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်ဆိုရာတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာမှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု အခြေခံကောင်းများ၊ တိုင်းရင်းသားပြည်သူများ၏ အသိဉာဏ်ပညာ ပြည့်စုံမြင့်မားမှု အခြေခံကောင်းများ ခိုင်ခိုင်မာမာ တည်ရှိနေစေရန် လိုအပ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး အခြေခံကောင်းများ ဖြစ်ထွန်းနေစေရန်အတွက် နိုင်ငံတော်အစိုးရအနေနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အစဉ်ထာဝရ ခိုင်မြဲနေအောင်၊ နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံး၌ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေစေရအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိန်းသိမ်းမြှင့်တင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းအားဖြင့် ရရှိထားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုမြဲမြံခိုင်မာစေရအောင် တည်ဆောက်ပေးရင်း တည်ငြိမ် အေးချမ်းသာယာမှု အခြေခံကောင်းများကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိကြောင်း။

စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းလာစေရန်အတွက်လည်း နိုင်ငံတော်၏ အခြေခံအကျဆုံး စီးပွားရေးကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆည်မြောင်းတာတမံများတည်ဆောက်ပေးမှု အပါအဝင် စိုက်ဧကတိုးချဲ့မှု၊ သီးနှံအထွက်နှုန်း တိုးမြှင့်ပေးမှု၊ သီးနှံစိုက်စွမ်းအားမြှင့်တင်မှု၊ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေး နည်းပညာများ ပံ့ပိုးပေးမှု၊ စက်မှုလယ်ယာစနစ် ဖြစ်ထွန်းလာအောင် ကူညီအားပေးမှုစသည့် အားပေးပံ့ပိုးမှုများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အားပေးဆောင်ရွက်

တစ်ဖက်တွင်လည်း စက်မှုဇုန်များထူထောင်ပေးပြီး တိုင်းရင်းသား စက်မှုလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် အားပေးဆောင်ရွက်နေသည်များ၊ နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်နေသည်များ၊ နိုင်ငံတော်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးအတွက် စနစ်တကျ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးနေသည်များ စသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေး အစီအမံများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

တစ်ဆက်တည်းမှာပင် ပုဂ္ဂလိကတိုင်းရင်းသား စီးပွားရေးလုပ်ငန်းများ တိုးတက်ခိုင်မာလာစေရအောင် အားပေးဆောင်ရွက်ရင်း ကုန်သွယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့ကို ခေတ်နှင့်အညီ လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် နိုင်ငံတော်အစိုးရအပိုင်းက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

အဓိကအားဖြင့် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန်နှင့် အမျိုးသားစီးပွားရေးဘဝ ဖန်တီးနိုင်မှုစွမ်းအားကို နိုင်ငံတော်နှင့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၏ လက်ဝယ်တွင်ရှိစေရန် နိုင်ငံတော်အစိုးရက အားပေးကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

နိုင်ငံတော်အတွင်း၌ တည်ငြိမ်အေးချမ်းသာယာမှု၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှု အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန်နှင့် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းမြှင့်တင်ပေးနိုင်စေရန်အတွက် နိုင်ငံသူနိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ပြည့်စုံမှုတို့မှာ ပင်မလိုအပ်ချက်ဖြစ်နေကြောင်း။

အထူးသဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးမှာ နိုင်ငံသူ နိုင်ငံသားများအားလုံး ပညာရည်မြင့်မားပြီး အတွေးအခေါ် ဗဟုသုတကြွယ်ဝသည့်အပြင် ကောင်းဆိုးမှန်မှား နှိုင်းဆချင့်ချိန်နိုင်သည့် တွေးခေါ်မြော်မြင်မှုစွမ်းအားလည်း မြင့်မားစေရန်လိုအပ်မှာဖြစ်ကြောင်း။

ဟန်ချက်ညီညီ

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးရည်မှန်းချက်ကို ချမှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒေသအသီးသီးတွင် ပညာရေးအဆင့်အတန်း ဟန်ချက်ညီညီ တိုးတက်မြင့်မားလာစေရအောင်၊ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ပညာစွမ်းအားဖြင့် ပြည့်စုံသောနိုင်ငံ (Educated Nation) ဖြစ်လာစေရအောင် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

နယ်စပ်အစွန်အဖျားဒေသများတွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားနေခဲ့စဉ်ကာလများက ဒေသခံတိုင်းရင်းသားလူမျိုးများအတွက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသကဲ့သို့ ပညာရေးအဆင့်အတန်းနိမ့်ကျလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးမှုများလည်း နိမ့်ကျလာခဲ့ရပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုအခြေခံများ ပိုမိုပျက်ယွင်းလာခဲ့ရသည့် သံသရာထဲက ရုန်းမထွက်နိုင်သည့် အခြေအနေမျိုး ဖြစ်နေခဲ့ရကြောင်း။

ဖြန့်ကြက်ထူထောင်

ထို့ကြောင့် မိမိတို့တပ်မတော်အစိုးရလက်ထက်တွင် နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုကြီး၏ ***စာမျက်နှာ ၅ ကော်လံ ၁***

အဖျက်သမားအုပ်စု လူမျိုးရေး သွေးခွဲသပ်လျှိုမှုများလုပ်ဆောင်

ယနေ့ နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရရှိစေရန် ကြိုးစား လုပ်ဆောင်နေကြသည့် အဖျက်သမားအုပ်စုသည် မျိုးဆက်သစ်လူငယ်များကို ပြည်ပအားကိုးစိတ် သွတ်သွင်းပြီး အမျိုးသားရေးစိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန်စိတ်ဓာတ် လျော့ပါးအားနည်းအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြသည့်အပြင် ပြည်ထောင်စုစိတ်ဓာတ်ပျက်ပြားအောင်လည်း လူမျိုးရေး သွေးခွဲသပ်လျှိုမှုများကို လုပ်ဆောင်လျက်ရှိ။

ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများ အကျိုးရှိထိရောက်စွာ အသုံးပြု အဆင့်မြင့်ပညာရပ်များ၏အထောက်အကူဖြင့် ဒေသအသီးသီးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်

စာမျက်နှာ ၄ မှ

နယ်မြေဒေသအနှံ့၌ စာသင်ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို ဖြန့်ကြက်ထူထောင်ပေးရင်း ဒေသအသီးသီးမှာ ပညာရေးအခြေခံများ မျှမျှတတဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးနေခြင်း ပင်ဖြစ်ကြောင်း။

ပြည်နယ်၊ တိုင်းအသီးသီး၏ အချက်အချာကျသည့်ဒေသများကို အခြေပြုထားသော ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုတွင် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တစ်ခုစီကို မဖြစ်မနေ ထည့်သွင်းတည်ထောင်ဖွင့်လှစ်ပေးခဲ့ကြောင်း။

ဒေသခံလူငယ်များ အဆင့်မြင့်ပညာရပ်များကို အဆင့်ဆင့်သင်ယူပြီးမြောက်လာသည်နှင့်တစ်ပြေးညီ ဒီဂရီကောလိပ်များ၊ နည်းပညာကောလိပ်များ၊ ကွန်ပျူတာကောလိပ်များကို တက္ကသိုလ်အဆင့်တိုးမြှင့်ပေးခဲ့ရာတွင် ယခုနှစ် ဇန်နဝါရီလအတွင်းမှာပင် နောက်ဆုံးတိုးမြှင့်ရန်ကျန်နေသည့် ဝိဇ္ဇာ၊ သိပ္ပံကောလိပ်သုံးခုနှင့် နည်းပညာကောလိပ်အားလုံး၊ ကွန်ပျူတာကောလိပ်အားလုံးတို့ကို တက္ကသိုလ်အဆင့် တိုးမြှင့်ပေးခဲ့ပြီးဖြစ်သည့်အတွက် ယနေ့ဆိုလျှင် ဖွံ့ဖြိုးရေးအထူးဒေသကြီးတိုင်းတွင် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့ တည်ရှိနေပြီဖြစ်ကြောင်း။

စီမံဆောင်ရွက်

ကျန်းမာရေးကဏ္ဍမှာဆိုလျှင်လည်း ဖွံ့ဖြိုးရေးဒေသကြီးတိုင်းတွင် ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံ ထည့်သွင်းထူထောင်ပြီး ဒေသအသီးသီး၏ ပညာရေး၊ ကျန်းမာရေးအခြေခံများ ဟန်ချက်ညီညီ မျှမျှတတဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးနေကြောင်း။

မြို့နယ်အဆင့်တွင် အနည်းဆုံး ၂၅ ခုတင်ဆံ့ဆေးရုံ သို့မဟုတ် ခုတင် ၅၀ ဆံ့ ဆေးရုံတစ်ရုံစီရှိစေသည့်အပြင် ခုတင် ၃၀၀ ဆံ့အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံကြီးများ၊ သင်ကြားရေးဆေးရုံကြီးများကို တစ်နိုင်ငံလုံးတွင် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ခရိုင်ဆေးရုံကြီးနှင့်အထက် ဆေးရုံကြီးများတွင် အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ခေတ်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ပြည့်စုံစေရအောင် ဖြည့်တင်းပေးလျက်ရှိကြောင်း။

ခေတ်မီပစ္စည်းကိရိယာများ

ကျန်းမာရေးကဏ္ဍတစ်ခုလုံးတွင် နိုင်ငံတကာမှာ ဖြစ်ထွန်းနေသည့် ကျန်းမာရေးဆိုင်ရာ နည်းပညာများ၊ ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မြင့်မားမား (High performance) ပေးနိုင်စေရအောင် စီမံဆောင်ရွက်ပေးနေကြောင်း။

လိုအပ်သည့် ဆရာဝန်များ၊ သမားတော်များ၊ ကျန်းမာရေးဆိုင်ရာ ပညာရှင်များ အရည်အသွေးမြင့်မြင့်မားမားနှင့် လုံလုံလောက်လောက် တိုးမြှင့်မွေးထုတ်ပေးနိုင်စေရန် ဆေးတက္ကသိုလ်များ၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်များ၊ ဆေးဘက်ပညာသည် တက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များ တိုးမြှင့် ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် ဆေးသိပ္ပံပညာဆိုင်ရာ နီးနှောဖလှယ်ပွဲများ ကျင်းပပြီး သင်ရိုးညွှန်းတမ်းများကိုလည်း အဆင့်မြှင့်တင် သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယနေ့ နိုင်ငံတော်တွင် လိုအပ်နေသည့် ဆရာဝန်များ၊ သမားတော်ကြီးများ၊ ဆေးသိပ္ပံဆိုင်ရာပညာရှင်များကို တိုးမြှင့်မွေးထုတ်ပေးနိုင်လျက်ရှိနေပြီ ဖြစ်ကြောင်း။

အဆင့်မြှင့်တင်

အလားတူပင် သစ်တော၊ သတ္တု၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် ကဏ္ဍများ၌လည်း ဆိုင်ရာဆိုင်ရာ ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ လုပ်ငန်းခွင်မှာ အဆင့်မြင့်နည်းပညာနှင့် ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုနိုင်စေရန် အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် လိုအပ်သည့် ပညာရှင်များ မွေးထုတ်ပေးနိုင်စေရန်လည်း သက်ဆိုင်ရာ တက္ကသိုလ်များ၊ သိပ္ပံများတွင် သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင် သင်ကြားပေးလျက်ရှိနေပြီ ဖြစ်ကြောင်း။

တစ်နည်းပြောရလျှင် တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံပြီး ဖွံ့ဖြိုးမှုနယ်ပယ် ကဏ္ဍအသီးသီး၊ ဒေသအသီးသီးမှာ အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးထွန်းကားလာစေရန်၊ အဆင့်မြင့်နည်းပညာနှင့် ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုနိုင်စေရန် အရည်အသွေးမြင့်မားပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်အတွက် တက္ကသိုလ်နှင့်ကောလိပ်များ အဆင့် မြှင့်တင်တိုးချဲ့ဖွင့်လှစ် ထူထောင်ပေးမှုများ၊ သင်ကြားရေးအထောက်အကူပြု အခြေခံအဆောက်အအုံများဖြစ်သည့် ခေတ်မီအလုပ်ရုံနှင့် ဓာတ်ခွဲခန်းများ၊ အီလက်ထရွန်နစ်နည်းပညာအခြေပြု အခြေခံအဆောက်အအုံများ ထူထောင်ဖွင့်လှစ်ပေးမှုများ၊ သင်ရိုးညွှန်းတမ်းနှင့်တကွ ဆရာများ၏ အရည်အသွေးမြှင့်တင်ပေးမှုများကို ဘက်စုံကဏ္ဍစုံမှာ ကျယ်ကျယ်ပြန့်ပြန့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ရည်မှန်းချက်ရှိရှိ

ဤသို့ ဒေသစုံ၊ အလွှာစုံ၊ ပညာရပ်နယ်ပယ်စုံ၊ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍစုံတို့တွင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ထွန်းကားပြန့်ပွားအောင် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းနေစေရအောင် ရည်မှန်းချက်ရှိရှိ ပြုစုပျိုးထောင်ပေးနိုင်မှသာ ထုထည်ပမာဏ ကြီးမားကျယ်ပြန့်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ် စွမ်းအားစုကြီးကို ပိုင်ဆိုင်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် ဒေသမရွေး၊ လူမျိုးဘာသာမရွေး၊ လူတန်းစားမရွေး ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိလာအောင်၊ အဆင့်မြင့်ပညာသင်ယူခွင့်၊ လိုအပ်သည့် ပညာရွေးချယ်သင်ယူနိုင်ခွင့် အခွင့်အလမ်းများ ရရှိလာအောင်နှင့် ယခုလို သင်ယူနိုင်သည့်စွမ်းရည်၊ လိုအပ်သည့်အခြေခံအဆောက် အအုံများနှင့် ပြည့်စုံစေရအောင် စီမံဖန်တီးပေးနေခြင်းပင်ဖြစ်ကြောင်း။

ဘက်စုံဖွံ့ဖြိုးတိုးတက်

ကျေးလက်ဒေသများမှာရှိသည့် အခြေခံပညာမူလတန်းကျောင်းများက စတင်ပြီး အဆင့်မြင့်တက္ကသိုလ်ကြီးများအထိ ဆိုင်ရာဆိုင်ရာ အဆင့်အလိုက် ထိုက်တန်သည့် ပညာရည်အဆင့်အတန်းရှိနေမှသာ နိုင်ငံတော်ကြီးတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအပါအဝင် ပညာရေးကဏ္ဍ၌ ပါဝင်ပတ်သက်နေသူများ အားလုံးက ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို အကျိုးရှိ ထိရောက်စွာ အသုံးပြုပြီး အဆင့်မြင့်ပညာရပ်များ၏ အထောက်အကူဖြင့် ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်တကွ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ထိရောက်စွာအသုံးပြု

ယနေ့အချိန်အခါတွင် ခေတ်မီ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများမှာ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံကို လွှမ်းမိုးကြီးစိုးလျက်ရှိသည့်အတွက် မိမိနိုင်ငံ၊ မိမိလူမျိုး အောင်မြင်တိုးတက် ကြီးပွားရေးအတွက် ကြိုးစားဆောင်ရွက်ကြရာတွင် သာမန်အားထုတ်မှုမျှဖြင့် မလုံလောက်တော့ဘဲ နိုင်ငံတကာမှာ ဖြစ်ထွန်းနေသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူပြီး မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်စေရန် လိုအပ်လျက်ရှိကြောင်း။

မိမိနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ ထက်မြက်သည့် မျိုးရိုး ဗီဇ၊ မြင့်မားသည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် ခိုင်မာသည့်စိတ်ဓာတ်အခြေခံတို့ကို ခေတ်မီသိပ္ပံနည်းပညာရပ်များနှင့် ပေါင်းစည်းပြီး နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် အမီလိုက်ပါနိုင်ရန် ရည်မှန်းချက်ရှိရှိ အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

ကိုယ့်အားကိုယ်ကိုး

ထို့ကြောင့် ကျောင်းသူကျောင်းသား လူငယ်များအပါအဝင် မိမိတို့နိုင်ငံသူ နိုင်ငံသားများမှာ မိမိနိုင်ငံ မိမိလူမျိုးကို ချစ်ခင်မြတ်နိုးသည့် စိတ်ဓာတ်၊ မိမိနိုင်ငံ မိမိလူမျိုးအပေါ် လေးစားဂုဏ်ယူသည့် စိတ်ဓာတ်တို့ ထွန်းကားပြန့်ပွားနေပါမှ မိမိနိုင်ငံ မိမိကြိုးပမ်း တည်ထောင်နိုင်မှာဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်တို့ အမြဲထာဝရ ရှင်သန်ထက်မြက်နေမှသာလျှင် မိမိနိုင်ငံ မိမိလူမျိုး အောင်မြင်ကြီးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နိုင်ကြမှာဖြစ်ကြောင်း။

ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းနေထိုင်ရာ နိုင်ငံတော်ကြီးအတွက် မိမိနိုင်ငံသူ နိုင်ငံသားများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရ တစ်ပေါင်းတစ်စည်းတည်း ဖြစ်ထွန်းနေစေရန်လည်း အရေးကြီးကြောင်း။

လေ့ကျင့်ပျိုးထောင်

ထို့အတွက် ဆရာ ဆရာမများအားလုံးက မိမိတို့၏ တပည့် ကျောင်းသူကျောင်းသားလူငယ်များကို ပြည်ထောင်စုကြီးကို ချစ်ခင်မြတ်နိုးသည့် စိတ်ဓာတ်နှင့် ပညာအရည်အသွေးတို့ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းစေရအောင် ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရရှိစေရန် ကြိုးစားလုပ်ဆောင်နေကြသည့် အဖျက်သမားအုပ်စုသည် မျိုးဆက်သစ်လူငယ်များကို ပြည်ပအားကိုးစိတ် သွတ်သွင်းပြီး အမျိုးသားရေးစိတ်ဓာတ်၊ ဇာတိသွေးဇာတိမာန်စိတ်ဓာတ် လျော့ပါးအားနည်းအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြသည့်အပြင် ပြည်ထောင်စုစိတ်ဓာတ်ပျက်ပြားအောင်လည်း လူမျိုးရေး သွေးခွဲသပ်လျှိုမှုများကို လုပ်ဆောင်လျက်ရှိနေကြကြောင်း။

မြန်မာ့နိုင်ငံရေးသမိုင်းကို ပြန်ကြည့်လျှင် ပြည်ပအားကိုးစိတ်လွန်ကဲပြီး ပြည်ပက ချမှတ်ပေးသည့် မဟာဗျူဟာ နည်းဗျူဟာများကို မျက်စိမှိတ်လိုက်နာကျင့်သုံးကြသည့်အတွက် နောက်ဆုံးမှာ ပျက်စီးဆုံးရှုံးကျဆုံးသွားကြရသည့်ဖြစ်စဉ်များ ရှိခဲ့ပါကြောင်း။

ပြည်ပက ချမှတ်ပေးသည့် လမ်းစဉ်၊ ပြည်ပက ချမှတ်ပေးသည့် နည်းနာတို့ကို တစ်ယူသန်ကျင့်သုံးပြီး ပြည်တွင်းက ပကတိအခြေအနေများနှင့် မကိုက်ညီသည့် တိုင်းတစ်ပါးနှုန်းစံ၊ တိုင်းတစ်ပါး အမူအကျင့်များကို နိုင်ငံအတွင်း ဇွတ်အတင်းရိုက်သွင်းရန် ကြိုးစားကြရာက ဂိုဏ်းဂဏစွဲ၊ အယူဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ လူမျိုးစွဲအစွန်းရောက်သည့် စိတ်ဓာတ်များ ကြီးစိုးလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲမှုများ၊ လက်နက်ကိုင်ဆန့်ကျင်မှုများ၊ နိုင်ငံရေးပါတီတစ်ခုအတွင်းမှာပင် အစိတ်စိတ်ပြိုကွဲမှုများ၊ အကြမ်းဖက်မှုများ၊ နိုင်ငံတော် မတည်ငြိမ် မအေးချမ်းမှုများ ဆက်တိုက်ဆိုသကဲ့သို့ ဖြစ်လာခဲ့ရသည်မှာ အစဉ်သတိပြုရမည့် သမိုင်းသင်ခန်းစာများပင်ဖြစ်ကြောင်း။

ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲကိုးကွယ်မှုများ၊ နိုင်ငံတွင်းအခြေအနေများနှင့် ကိုက်ညီမှုမရှိသည့် ပြည်ပက ချမှတ်ပေးသည့် လမ်းစဉ်အပေါ် လွန်ကဲစွာအားကိုးမှုများ၊ တစ်ယူသန် လိုက်နာကျင့်ကြံမှုများကြောင့် မိမိနိုင်ငံနှင့် မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်စွမ်းမရှိသည့်အပြင် တိုင်းပြည်နစ်နာရသည့် အခြေအနေကို တွန်းပို့သကဲ့သို့ဖြစ်ခဲ့ရသည့်အတွက် ပြည်ထောင်စုကြီးပြိုကွဲလုအခြေအနေကို အကြိမ်ကြိမ်ဆိုက်ရောက်ခဲ့ရခြင်းပင်ဖြစ်ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

နိုင်ငံတော်အစိုးရအနေနှင့် ယင်းသမိုင်းကြောင်းသင်ခန်းစာများကို ရယူပြီး မိမိနိုင်ငံ မိမိလူမျိုး၏ သမိုင်းကြောင်းအခြေခံများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများ၊ ပြည်ထောင်စုကြီး၏ ဖွဲ့စည်းတည်ရှိမှု အနှစ်သာရများနှင့် ဆီလျော် ကိုက်ညီသည့်အပြင် ညီညွတ်မျှတပြီး ထာဝစဉ်တည်တံ့ ခိုင်မြဲသည့် ပြည်ထောင်စုကြီးဖြစ်လာစေရန် အမျိုးသားရေးမူဝါဒကို အခြေခံသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တိုင်းပြည်၏အနာဂတ် အေးချမ်းသာယာပြီး ပြည့်စုံတင့်တယ်စေရေးမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ရေး အပေါ်တွင် တည်မှီလျက်ရှိသကဲ့သို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ရေးမှာလည်း နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု အခြေခံကောင်းများနှင့် အမျိုးသားပညာရည်မြင့်မားမှု အခြေခံကောင်းများ ခိုင်ခိုင်မာမာဖြစ်တည်နေမှုအပေါ်တွင် တည်မှီလျက်ရှိကြောင်း။

အမျိုးသားရေးတာဝန်

ယင်းအမျိုးသားရေးလိုအပ်ချက်များ ပြည့်မြောက်အောင်မြင်စေရေးတွင် ပညာရေးကဏ္ဍ၏ စွမ်းဆောင်ပံ့ပိုးပေးမှုများသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည့် အခြေအနေ အချိန်အခါကို တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအားလုံးက သိမြင်ခံယူပြီး မိမိတို့ပညာရေးကဏ္ဍ၏ နိုင်ငံတော်သစ်တည်ဆောက်ရေး အမျိုးသားရေးတာဝန်များကို ကျေကျေပွန်ပွန် တက်တက်ကြွကြွ ထမ်းရွက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တောင့်တင့်တယ် အခွန့်ရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်စေရေးမှာ ပညာရေးကဏ္ဍ၏ ပဓာနကျမှုကို သိမြင်ပြီး အမျိုးသားပညာရည် မြင့်မားရေး ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှု ဖြစ်စဉ်အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးအတွက် ပညာရေးကဏ္ဍက ပံ့ပိုး ထောက်ကူပေးရမည့် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ပေးကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူ ၉၁၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၍ သဃ်္ဃန်းကျွန်းမြို့နယ် ၁၆ အပိုင်း ၃ ရပ်ကွက်ရှိ စာပန်းခင်းစာကြည့်တိုက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး (သဃ်္ဃန်းကျွန်း) က နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်မော်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတိုးမြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

6-2 (05) 1 2/6/07, 2:14 PM

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးမြို့၌ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရထားဖြင့် ထွက်ခွာလာကြပြီး ပျဉ်းမနား–မန္တလေးလမ်းတစ်လျှောက် ပျဉ်းမနား–မြို့ဟောင်း(မန္တလေး) အရှည် ၁၅၇ ဒသမ ၇၅ မိုင် ရထားလမ်း ဒွေးလမ်း လမ်းဖောက်လုပ်ပြီးစီးမှုနှင့် ရထားတံတားများ တည်ဆောက်ပြီးစီးမှု၊ ရထားသံလမ်း ခင်းကျင်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မန္တလေးသို့ရောက်ရှိကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်အရာရှိများအား တွေ့ဆုံမှာကြားသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တိုင်းစစ်ဌာနချုပ်နယ်မြေရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်အရာရှိများ တက်ရောက်သည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်တွင်းစိုက်ပျိုးရေး၊ မွေးမြူရေး၊ တပ်ဖွဲ့ဝင်မိသားစုများ သက်သာချောင်ချိရေးဆိုင်ရာများနှင့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

လိုက်လံကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထုံးဘို–မြစ်ငယ်ဖြတ်လမ်း(ဒွေးလမ်း) ဖောက်လုပ်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ထုံးဘို–မြစ်ငယ်ဖြတ်လမ်း (ဒွေးလမ်း)မှာ အရှည် ၉ မိုင် ၃ ဖာလုံရှိ ၁၈ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဖြစ် ဖောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိလာကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး တံတားကြီး၏ မန္တလေးဘက်ခြမ်း ချဉ်းကပ်လမ်းမပေါ်၌ လမ်းဆုံအဝိုင်း တည်ဆောက်နေမှုကိုလည်းကောင်း၊ ပင်မတံတားချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဒုတိယဝန်ကြီး ဦးတင့်ဆွေက ရောဝတီတံတား(ရတနာပုံ) ပင်မတံတားကြီးပေါ်၌ နိုင်လွန်ကတ္တရာ ခင်းကျင်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပင်မတံတားကြီးတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်ကမ်းတွင် ချဉ်းကပ်လမ်း ကျောက်ခင်းကျင်းနေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှု စစ်ဆေးကြသည်။

ရောဝတီတံတား(ရတနာပုံ)

ရောဝတီတံတား(ရတနာပုံ)၏ ပင်မတံတားမှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး အရှည် ၃၆၉၄ ပေရှိသည်။ ယာဉ်သွားလမ်းအကျယ် ၄၉ ပေ၊ လေးလမ်းသွား ကားလမ်းနှင့် လူသွားလမ်းအကျယ် ခြောက်ပေစီရှိသည်။ ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၇၀၀ ရှိသည်။ ထို့အပြင် ချဉ်းကပ်တံတားများ၏ အရှည်စုစုပေါင်း ၁၉၂၀ ပေရှိကြောင်း သိရှိရသည်။

ယခုအခါ ရောဝတီတံတား(ရတနာပုံ)၏ တည်ဆောက်ရေးစီမံကိန်းအနေဖြင့် ပင်မတံတားတည်ဆောက်မှု၊ တံတားချဉ်းကပ်လမ်းများ တည်ဆောက်မှု လုပ်ငန်းများအပါအဝင် စီမံကိန်းတစ်ခုလုံး၏ ၇၈ ဒသမ ၆ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

မှန်မှန်ကန်ကန်မြင်

တရားရုံးများသည် ပြည်၏မျက်စိ၊ ပြည်၏ကြေးမုံများ ဖြစ်သည်နှင့်အညီ ပြည်သူများ၏ ဘဝကို မှန်မှန်ကန်ကန်မြင်ရန်၊ စာနာရန်၊ ပြည်သူများ၏ ဘဝရုပ်သွင်ကို ပကတိအတိုင်း ထင်ဟပ်နိုင်ရန်ပင် ဖြစ်ကြောင်း။

ယနေ့အချိန်အခါအထိ တရားစီရင်ရေးနှင့် စပ်လျဉ်းပြီး အမှုစွဲဆိုတင်ပို့သူတို့၏ အားနည်းမှု၊ ပျက်ကွက်မှု၊ တရားသူကြီးနှင့် ဥပဒေအရာရှိတို့၏ မလိမ်မာမှု၊ အကျင့်ပျက်မှုများအပေါ် တိုင်ကြားစာများ ရောက်ရှိနေဆဲဖြစ်ကြောင်း။

ပြုပြင်ထူထောင်

ခေတ်သစ်၊ စနစ်သစ်ကို အရှိန်အဟုန်ရှိရှိ ပြောင်းလဲနေချိန်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်း အစီအစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေချိန် ဖြစ်သည့်အတွက် တရားရေးစနစ်ကိုလည်း ပြည်သူများအားကိုးယုံကြည်သည့်စနစ်ဖြစ်လာအောင် မိမိတို့ ပြုပြင်ထူထောင်သွားရမှာဖြစ်ကြောင်း၊ အားနည်းချက်၊ ချို့ယွင်းချက်များကို ယေဘုယျခြုံပြီး စိစစ်မည်ဆိုလျှင် စနစ်၊ ကျင့်ဝတ်၊ လုပ်ထုံးလုပ်နည်းတို့၏ မပြည့်စုံမှု အားနည်းမှုများကြောင့် မဟုတ်ဘဲ လူပုဂ္ဂိုလ်ဆိုင်ရာ ချို့ယွင်းအားနည်းချက်များကြောင့် ဖြစ်နေသည်ကို တွေ့ရှိရကြောင်း။

သို့ရာတွင် အချို့သော အားနည်းချက်များမှာမူ ပုဂ္ဂိုလ်တစ်ဦးချင်း၏ အကျင့်သိက္ခာနှင့်မဆိုင်ဘဲ လုပ်ငန်းဆိုင်ရာ မကျွမ်းကျင်မှု၊ မသေသပ်မှု၊ ပေါ့လျော့မှု၊ စည်းကမ်းမကျမှုတို့ဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည့်အတွက် အဆင့်ဆင့်သော တရားသူကြီးများနှင့် ဥပဒေဝန်ထမ်းများကို စနစ်တကျ သွန်သင်လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်မှာဖြစ်ကြောင်း၊ တရားသူကြီးများနှင့် ဥပဒေဝန်ထမ်းများကိုယ်တိုင်လည်း မိမိအဆင့်နှင့်လျော်ညီစွာ အရည်အချင်း ပြည့်ဝအောင် ကျင့်ကြံပြောဆို နေထိုင်နိုင်အောင် စဉ်ဆက်မပြတ် လေ့လာပြုပြင်နေရမှာပင် ဖြစ်ကြောင်း။

တရားသူကြီးများက တရားခွင်ကို ဥပဒေနှင့်အညီ ပိုင်ပိုင်နိုင်နိုင် သိက္ခာရှိရှိ ထိန်းကျောင်းသွားရမှာဖြစ်သကဲ့သို့ ဥပဒေအရာထမ်းများကလည်း ဥပဒေများကို ပိုင်နိုင်တတ်သိနားလည်ပြီး တရားခွင်ကိုရော၊ ပြည်သူကိုပါ စောင့်ရှောက်သွားရမှာဖြစ်ကြောင်း။

ကြိုးပမ်းထူထောင်

စစ်မှန်သော ဒီမိုကရေစီလူနေမှုဘဝနှင့်ကိုက်ညီသော အစဉ်အလာ အလေ့အထကောင်းသည့် တရားရေးစနစ်ကို အခြေခိုင်အောင် ကြိုးပမ်းထူထောင်သွားကြရမှာဖြစ်ကြောင်း။

ထို့အပြင် တရားရုံးများက ချမှတ်လိုက်သည့် စီရင်ဆုံးဖြတ်ချက်များသည် အဂတိလိုက်စားမှုကင်းရှင်းသော စီရင်ဆုံးဖြတ်ချက်များဖြစ်ရန်၊ မေတ္တာဖြင့်ယှဉ်သည့် သွန်သင်ဆုံးမမှုမျိုး၊ ပညာပေးမှုမျိုးဖြစ်ရန် အမြဲအလေးဂရုပြုသင့်ကြကြောင်း၊ ကြီးသည့်အမှု ငယ်စေ၊ ငယ်သည့်အမှု ပြေငြိမ်းစေ ဆိုသည့် အခြေခံမူရှိသော်လည်း နိုင်ငံတော်နှင့် ပြည်သူကို ထိခိုက်စေသော ကြီးလေးသည့် ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုများကိုမူ နောင်ကြဉ်အောင် ထိရောက်သည့် ပြစ်ဒဏ်ပေးကြရမှာပဲဖြစ်ကြောင်း။

ကူညီစောင့်ရှောက်

နိဂုံးချုပ်အားဖြင့် တရားသူကြီးများနှင့် ဥပဒေဝန်ထမ်းများသည် နိုင်ငံတော်၏ တရားဥပဒေများနှင့် တရားရုံးများကို ကိုယ်စားပြုသူများ ဖြစ်သည့်အတွက် သည်းခံခြင်း၊ ချိုသာခြင်း၊ မျှတခြင်း၊ ဒေါသကို သိမ်းဆည်းနိုင်ခြင်း၊ ဆင်ခြင်နိုင်အားရှိခြင်း၊ အမှန်တရားကို ဖော်ထုတ်နိုင်ခြင်းတို့ဖြင့် မိမိတို့ အဖွဲ့အစည်းများ၏ သိက္ခာမြင့်မားမှုကို စောင့်ထိန်းသွားကြရန်၊ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့များ၏ ကူညီစောင့်ရှောက်မှုကို ခံယူ၍ တရားဥပဒေများကို စောင့်ရှောက်ထိန်းသိမ်းရသော အခြားတာဝန်ရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြည်သူများကို ဥပဒေနှင့်အညီ ကူညီစောင့်ရှောက်သွားကြရန်၊ တရားဥပဒေစိုးမိုးမှုကို ထိရောက်ခိုင်မြဲအောင် ထူထောင်ကြရန်၊ နိုင်ငံတော်၏ မူဝါဒနှင့် လုပ်ငန်းစဉ်ကို နားလည်ခံယူပြီး နိုင်ငံတော်ကို ဝိုင်းဝန်းပြုပြင် တည်ဆောက်ကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးချုပ်သည် ပြည်နယ်၊ တိုင်း တရားသူကြီးများ၊ ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများ၊ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

different - 3 ဓာတ်ပုံပြပွဲ၌ ခင်းကျင်းပြသမည့် မောင်မောင်လှမြင့်၏ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မွေတော်ကက္ကူဘုရား ရောင်စုံဓာတ်ပုံကလည်း ကြည်ညိုဖူးမြော်ဖွယ်ရာအတိ။ (ဓာတ်ပုံ-မောင်မောင်လှမြင့်)

ဝါသနာရှင်များ အကြိုက်တွေ့မည့် "different . 3" ဓာတ်ပုံပြပွဲ ပြသမည်

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်းတင်-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ စင်ထရယ်ဟိုတယ် ပထမထပ်၌ ဖေဖော်ဝါရီ ၅ရက်က ပြုလုပ်သော different .3 ဓာတ်ပုံပြပွဲအတွက် ကြိုတင်သတင်းစာရှင်းလင်းပွဲသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိချိန်တွင် မီဒီယာသမားများ စုံစုံလင်လင် ရောက်ရှိနေကြပြီဖြစ်သည်။

ဆရာစိန်မျိုးမြင့်က ရင်းနှီးပျူငှာစွာဖြင့်ကြိုဆိုကာ ယခုပြုလုပ်သည့် ဓာတ်ပုံပြပွဲ သတင်းစာရှင်းလင်းပွဲနှင့် ပတ်သက်၍ လိုအပ်သည့် အချက်အလက်များကို မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပေးလေသည်။

ကြိုတင်အသိပေး

different . 3 ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၂၄ရက်မှ မတ် ၄ရက်အထိ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ ဂရင်းမီးရထားဟိုတယ်၌ ခင်းကျင်းပြသမည်ဖြစ်ပြီး ယင်းဓာတ်ပုံပြပွဲနှင့်ပတ်သက်၍ မီဒီယာများအား ကြိုတင်အသိပေး ရှင်းလင်းပြောကြားခြင်းပင်ဖြစ်သည်။

တစ်နေရာတည်းလေ့လာနိုင်

"ကျွန်တော်တို့သုံးဦး ပထမဆုံး ပူးတွဲပြီး ဓာတ်ပုံပြပွဲလုပ်တာ ဒါပထမဆုံးအကြိမ်ပါ။ ဒီပြပွဲမှာ အခုလို မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ရှုခင်းတွေ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုတွေ၊ ဝတ်စားဆင်ယင်မှုတွေကို ဓာတ်ပုံတွေအဖြစ်ရရှိအောင် အချိန်အများကြီး ရင်းနှီးခဲ့ရပါတယ်။ ပြည်သူတွေကို တစ်နေရာတည်းမှာ မြန်မာ့အလှ၊ မြန်မာ့ရှုခင်းတွေ မြင်တွေ့လေ့လာခွင့်

ပုဂံမောင်မောင်၏ ပုသိမ်ထီး အမည်ရှိ ရောင်စုံဓာတ်ပုံမှာလည်း ဖွဲ့စည်းမှုနှင့် ရှုထောင့်ယူဆမှုကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-ပုဂံမောင်မောင်)

ရအောင် ကြိုးစားခဲ့ကြခြင်းဖြစ်ပါတယ်။ ဓာတ်ပုံနဲ့ စာနယ်ဇင်းဟာ အမြဲတမ်း အမြဲတမ်းတွဲဖက်နေတဲ့ ဆွေမျိုးရင်းချာတွေလိုဖြစ်နေတာမို့ အခုလို ဒီရှင်းလင်းပွဲလေးကို ပြုလုပ်ခြင်းဖြစ်ပါတယ်" ဟု ဓာတ်ပုံဆရာ ဦးစိန်မျိုးမြင့်က ပြောကြားသွားသည်။

ထို့နောက် ဒါရိုက်တာမောင်မိုးသူကလည်း မြန်မာနိုင်ငံ၌ လူငယ်ဓာတ်ပုံပညာရှင်များ ပေါ်ထွက်လာစေရေးနှင့် ဓာတ်ပုံပညာများ လက်ဆင့်ကမ်းနိုင်ရေးအတွက် ကြိုးစားသွားရန် ပြောကြားသွားသည်။

ခင်းကျင်းပြသမည်

different . 3 ဓာတ်ပုံပြပွဲတွင် ဓာတ်ပုံဆရာများဖြစ်သော မောင်မောင်လှမြင့်၊ စိန်မျိုးမြင့်နှင့် ပုဂံမောင်မောင်တို့၏ ဓာတ်ပုံလက်ရာပေါင်း ၅၀ကို ခင်းကျင်းပြသမည်ဖြစ်ရာ မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းများမှ သဘာဝအလှရှုခင်းများကို တစ်ဝကြီး တွေ့မြင်ခံစားကြရမည်ဖြစ်သည်။

ပြသမည့်ဓာတ်ပုံပေါင်း ၅၀တွင် အဖြူအမည်း ခုနစ်ပုံ၊ နဂ္ဂတစ်ဖလင်ရောင်စုံတစ်ပုံ၊ slide ရောင်စုံဓာတ်ပုံ ၃၀၊ ဒစ်ဂျစ်တယ်ရောင်စုံ ဓာတ်ပုံ ၁၂ပုံ တို့ပါဝင်ပြီး ဓာတ်ပုံအားလုံးမှာ (၂၀ x ၃၀)လက်မ ဆိုက်အရွယ်အစားများချည်း ဖြစ်သည်။

အမြင်ဆန်းသစ်

ထိုဓာတ်ပုံများတွင် မောင်မောင်လှမြင့်က ဓာတ်ပုံ ၁၀ပုံ၊ ပုဂံမောင်မောင်က ဓာတ်ပုံ၂၀နှင့် စိန်မျိုးမြင့်က ဓာတ်ပုံ၂၀တို့ဖြစ်ပြီး ဓာတ်ပုံအားလုံးမှာ ဝါရင့်ဓာတ်ပုံဆရာများပီပီ လက်စွမ်းပြထားနိုင်မှုကို တွေ့ရသည်။ ဓာတ်ပုံများအနက် ဓာတ်ပုံဆရာ စိန်မျိုးမြင့်၏ စစ်ကိုင်းတိုင်းအတွင်းရှိ ချောင်းဖြတ်ကြိုးတံတားပေါ်တွင် ဒေသခံနာဂတိုင်းရင်းသားနှစ်ဦး ဖြတ်လျှောက်နေပုံကို အမြင့်ရှုထောင့်မှ အလင်းအမှောင်ကောင်းဖြင့် လက်စွမ်းပြ ရိုက်ကူးထားသောပုံမှာ အမြင်ဆန်းသစ်လှသည်။ ထို့အတူ မောင်မောင်လှမြင့်နှင့် ပုဂံမောင်မောင်တို့၏ လက်ရာကောင်း ဓာတ်ပုံများကလည်း နှစ်သက်စရာချည်းဖြစ်သည်။

ဓာတ်ပုံပြပွဲလာပရိသတ်များ စိတ်ကြိုက်တွေ့စေမည့် different.3 ဓာတ်ပုံပြပွဲကား မကြာမီ ခင်းကျင်းပြသတော့မည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

different - 3 ဓာတ်ပုံပြပွဲ၌ ပြသမည့် ဆရာစိန်မျိုးမြင့်၏ ကြိုးတံတား အမည်ရှိ ရောင်စုံဓာတ်ပုံကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-စိန်မျိုးမြင့်)

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

ရန်မျိုးအောင်စေတီ ဗုဒ္ဓပူဇနီယပွဲတော်

သမိုင်းဝင် ရန်မျိုးအောင်စေတီတော်မြတ်ကြီး၏ (၄၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၁ရက် (ဖေဖော်ဝါရီ ၁၆ရက်)မှ တပေါင်းလဆန်း၆ရက်(ဖေဖော်ဝါရီ၂၁ရက်)အထိ ဒိုက်ဦးမြို့နယ် ခေမာသီဝံ စာသင်တိုက်အတွင်းရှိ ဘုရားပရိဝုဏ်၌ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၆ရက် ညနေ ၃နာရီတွင် ပင့်သံဃာ ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပြီး ရွှေမန်းသဘင်၊ ခေတ်သုံးခေတ် ကြယ်ပွင့်များစင်တင်တေးဂီတအဖွဲ့နှင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ စာပေရန်ပုံငွေလှူဒါန်း

စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ စာပေရန်ပုံငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁ရက်က ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် ဒုတိယထပ်၌ ကျင်းပရာ ရှမ်းပြည်နယ်မှ ဦးစိုင်းကျော်တင့်(ကိုယ်စား) ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)က ငွေကျပ်တစ်သိန်း၊ တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက သတင်းထောက်ဦးကျော်လှ၊ ဒေါ်ဒေဝကီးဒေဝီ (သမာဓိမိသားစု)က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအောင်မြင်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ External Monitoring Mission သည် မြန်မာနိုင်ငံ၏ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ဆန်းစစ်သည့် အနေဖြင့် အဖွဲ့သုံးဖွဲ့ခွဲပြီး ဇန်နဝါရီ ၂၂ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းအတွင်းရှိ မြို့နယ် ၂၆မြို့နယ်သို့ သွားရောက်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတွင် တီဘီရောဂါသည်များအား ပိုမိုရှာဖွေဖော်ထုတ် ကုသပေးနိုင်ခဲ့ပြီး တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်လျက်ရှိကြောင်း သုံးသပ်ပြောကြားခဲ့သည်။

တာချီလိတ်၌ သူတို့စာပေဟောပြော

တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ဒုတိယအကြိမ်မြောက် စာပေဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက် ၉နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ကျင်းပရာ စာရေးဆရာချစ်နိုင်(စိတ်ပညာ)က "စာပေကျေးဇူး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)က "စာပေကုန်ကြမ်းကို ရှာတွေ့ပါပြီတဲ့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြင်းမူမောင်နိုင်မိုးက "ဘဝထဲက ကဗျာ၊ ကဗျာထဲက ဘဝ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ချစ်စံဝင်းက "စိတ်ကောင်းရှိဖို့ ပထမ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။

ကျန်းမာရေးနှင့်ညီညွတ်သောကျောင်းများအား ဂုဏ်ပြု

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ဆိုင်များရှိသည့် အခြေခံပညာကျောင်းများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂ရက်က မြို့တော်ခန်းမ၌ကျင်းပရာ အဆင့်မြင့်ဆုရရှိသည့် အထက (၁)ဒဂုံ၊ တံခွန်စိုက်ဆုရရှိသည့် အထက(၂)လသာ၊ ပထမဆုရ အလက(၄) တာမွေ၊ ဒုတိယဆုရ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းနှင့် တတိယဆုရ အထက(၂) ဗဟန်းတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ဂုဏ်ထူးဆောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

စာအောင်ဆုနှင်းသဘင်ကျင်းပ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကျင်းပသော (၈၉)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက်က ချမ်းသာကြီးတန်ဆောင်း၌ကျင်းပရာ သီးခြားစာချတန်းအောင် အရှင်သူမြတ်နှစ်ပါးနှင့် သီးခြားစာသင်တန်းအောင်အရှင်သူမြတ်လေးပါးတို့အား ဘွဲ့တံဆိပ်အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

နောင်ကားစံပြကျေးရွာ၌ ကွင်းဆင်းကုသပေး

တောင်ကြီးမြို့နယ် နောင်ကားကျေးရွာတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကြီးကြပ်မှုဖြင့် တောင်ကြီးခရိုင်ဆေးရုံကြီးမှ ငှက်ဖျားအထူးကုဆရာဝန် ဒေါက်တာမျိုးဟန်ဝင်း၊ မီးယပ်နှင့်သားဖွား အထူးကုဆရာဝန် ဒေါက်တာသီတာညွန့်၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာနေလင်းထွန်း၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန် ဒေါက်တာခင်သန်းနွဲ့တို့က ကျေးရွာသူကျေးရွာသားများအား ဇန်နဝါရီ ၂၁ရက်က ဆေးစစ်၊ ဆေးကုသပေးကြပြီး ဆေးဝါးများ လှူဒါန်းခဲ့ကြသည်။

ရဲအရာရှိများ အထူးမွမ်းမံသင်တန်းဆင်း

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲအရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ အရာရှိသင်တန်းသား၊ သင်တန်းသူ ၂၃၄ဦး တက်ရောက်ခဲ့ကြသည်။

သိမ်ကြီးဈေး အထူးသန့်ရှင်းရေးဆောင်ရွက်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထူးသန့်ရှင်းရေးဆောင်ရွက်ပွဲကို ဖေဖော်ဝါရီ ၄ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်ရှိ သိမ်ကြီးဈေး(က)နှင့် (ခ)ရုံတို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့်တိုင်း စက်ဘီးစီးပြိုင်ပွဲ

(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက် ညနေ၄နာရီက ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည်။ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၂လမ်း အမှတ် ၂၄နေ အဘွား ဒေါ်ငွေယုံ၊ မိဘနှစ်ပါးဖြစ်သော ဦးဘိုးယုံ-ဒေါ်ကျင်မေတို့အား ရည်စူး၍ ဦးနီတွတ်၊ ဦးရဲမြင့်၊ ဒေါ်ကျင်လှ၊ ဦးရဲချစ်၊ ဒေါ်ကျင်မြ မောင်နှမတစ်စုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကယားပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်များရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၅

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ကယားပြည်နယ်မှ ဦးဖရေရယ် ခေါင်းဆောင်သော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကိုယ်စားလှယ် ၅၃ဦးသည် ယနေ့နံနက် ၈နာရီ ၄၅မိနစ်က နေပြည်တော်လေဆိပ်သို့ရောက်ရှိလာရာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးပ

နောက်တစ်နေ့တွင် ဘကြီးစိုးနှင့် ကြီးကြီးမြတို့ ပြန်လည်ဖောက်သည်ချမည့် အမေရိကန်၊ ဒေါ်စုကြည်၊ NLDနှင့် အပေါင်းပါများ၏ မြန်မာပြည်မှာ ဇာတ်လမ်းရှုပ်ခဲ့သမျှကို သိလိုဇောဖြင့် ကျွန်တော် နံနက်စောစောပင် ရောက်သွားခဲ့ပါသည်။ ဘကြီးစိုးနှင့် ကြီးကြီးမြတို့ ဘုရားဝတ်ပြုနေကြ၍ နာရီဝက်ခန့် ဧည့်ခန်းမှာ ထိုင်စောင့်နေရပါသေးသည်။

ထိုသို့ထိုင်စောင့်နေရင်း မနေ့က ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများနှင့် ဆက်စပ်ပြီး မိမိလေ့လာသိရှိထားသမျှကို ပြန်လည်စဉ်းစားသုံးသပ် နေမိပါသည်။ တပ်မတော်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအခြေခံဖြင့် တွေ့ဆုံဆွေးနွေးမှုများကို ၁၉၈၉ခုနှစ်ကပင် စတင်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုသို့ တွေ့ဆုံရာတွင်လည်း ကွက်ကျားမိုး ရွာသလိုမဟုတ်ဘဲ မြေပေါ်မြေအောက် နိုင်ငံရေးအင်အားစုများအားလုံးနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ပါသည်။

တွေ့ဆုံဆွေးနွေးမှုတိုင်း၌လည်း အမျိုးသားရေးမူဝါဒအပေါ် အခြေခံရပ်တည်ပြီး အမျိုးသားရေးအကျိုးစီးပွားကိုရှေးရှု၍သာ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး အမြင်ချင်းနီးနှောဖလှယ်ပြီး လေးနက်ခိုင်မာသည့် ယုံကြည်မှုကို တည်ဆောက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုအချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ဖွဲ့၊ အဖွဲ့ခွဲ အဖွဲ့ငယ်အများအပြားနှင့် ယနေ့ထက်တိုင် တစ်စိတ်တည်း တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲနိုင်လျက် ရှိနေခြင်းက သက်သေပြနေပါသည်။

“သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍၊ ရုန်းကြလေ”ဟူသော ဩဝါဒအဆုံးအမနှင့်အညီ တပ်မတော်အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများသည် သွေးချင်းသားချင်း “အချင်းချင်း”ဟူသော မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြန်အလှန် ထားရှိခဲ့ကြ၍ဖြစ်ကြောင်း ကောက်ချက်ချနိုင်ခဲ့ပါသည်။ ထိုစဉ်မှာပင် ဘကြီးစိုးနှင့် ကြီးကြီးမြတို့ ရောက်လာ၍ အောက်ပါအတိုင်း ဆက်လက်ဆွေးနွေးဖြစ်ခဲ့ကြပါသည်။

ဘကြီးစိုး ။ အစောကြီးရောက်နေပါလားကွ မောင်ကျော်ရ။

စိုးမြကျော် ။ ကျွန်တော်လဲ သိချင်စိတ်တွေ များနေတာမို့ ဘကြီးတို့ကိုတောင် အားမနာသလိုဖြစ်နေပြီ။

ကြီးကြီးမြ ။ ကိုစိုးကလဲ၊ ပြောမှသိ ထိမှနာဆိုတဲ့ စကားရှိတယ်မဟုတ်လား။ မနေ့က ကိုစိုးပြောပြလို့ ဒေါ်စုကြည်နဲ့ အမေရိကန် အကြောင်း ကောင်းကောင်းကြီး သိသွားလို့ မောင်ကျော်လဲ ရင်ထုမနာ ဖြစ်နေမှာပေါ့။

စိုးမြကျော် ။ ဟုတ်ပါတယ် ကြီးကြီး။ နာစရာရှိရင် လွမ်းစရာနဲ့ဖြေရတာမို့ အမေရိကန်၊ ဒေါ်စုကြည်နဲ့ NLDတို့ရဲ့ ဇာတ်လမ်းမှာ လွမ်းစရာတွေများ ရှိနေမလားလို့ပါ။

ကြီးကြီးမြ ။ အမေကျော် ဒွေးတော်လွမ်းသူတွေရဲ့ ဇာတ်လမ်းမှာ ဘာတွေများ လွမ်းစရာ ရှိမှာလဲကွယ်။

ဘကြီးစိုး ။ မောင်ကျော်က လွမ်းစရာလို့ပြောလိုက်မှ ဘကြီး ပြန်သတိပြုလိုက်မိတယ်။ အမေရိကန်နဲ့ ဒေါ်စုကြည်တို့ရဲ့ ရုပ်သေးရုပ် ကြိုးရှုပ်နေတဲ့ ဇာတ်လမ်းမှာ လွမ်းစရာ မရှိပေမယ့် ဒို့တပ်မတော်အစိုးရနဲ့ ဒေါ်စုကြည်မပါတဲ့ NLD တို့ရဲ့ ဇာတ်လမ်းမှာ လွမ်းစရာလေးတွေ ကျန်ရစ်ခဲ့တာကတော့ အမှန်ပဲ။

ကြီးကြီးမြ ။ ဟုတ်မှလဲလုပ်ပါ ကိုစိုးရယ်၊ မြတောင်မျက်စိလည်သွားပြီ။

ဘကြီးစိုး ။ မြတစ်ယောက်ထဲ မဟုတ်ဘူး၊ လူတော်တော်များများ မျက်စိလည်ကုန်ကြတာပါ။ အချိန်ကာလကလဲ ကြာခဲ့ပြီမဟုတ်လား။ သမိုင်းဖြစ်စဉ်တွေကို မျက်လုံးဒေါက်ထောက်ပြီး ကြည့်နေ မြင်နေမှသာ မျက်စိလည်၊ လမ်းမှားခြင်းဘေးနဲ့ ကင်းဝေးကြမှာ ဖြစ်တယ်ကွယ့်။

စိုးမြကျော် ။ ဘကြီးပြောတာနဲ့ ပိုပြီးတောင် စိတ်ဝင်စားဖို့ ကောင်းလာပြီ၊ ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး ။ ဒီလိုကွယ့်၊ မနေ့က ဘကြီးတို့ ဆွေးနွေးကြတဲ့အထဲမှာ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဒေါ်စုကြည်ကို ၂၆–၃–၁၉၉၁ ရက်နေ့မှာ ပါတီဝင်အဖြစ်က ထုတ်ပစ်လိုက်တဲ့အကြောင်း ပါခဲ့တယ်မဟုတ်လား။

စိုးမြကျော် ။ မှတ်မိပြီ ဘကြီး၊ အဲဒီတုန်းက ဒေါ်စုကြည်နဲ့ NLD တို့ စည်းခြားပြီး တသီးတခြားစီ ဖြစ်သွားခဲ့တယ်။ NLDက သပ်သပ်၊ ဒေါ်စုကြည်က သပ်သပ် အခြေအနေတစ်ရပ် ဖြစ်ပေါ်ခဲ့တယ် မဟုတ်လား။

ဘကြီးစိုး ။ မှန်ပါတယ်၊ NLD ပါတီရဲ့ သက်တမ်းတစ်လျှောက်လုံးမှာ အဲဒီ အချိန်ကာလတစ်ခုသာ ဒေါ်စုကြည်ရဲ့ လောင်းရိပ်အောက်က လွတ်မြောက်ခဲ့တာဖြစ်တယ်။

ကြီးကြီးမြ ။ ဟုတ်တယ် မောင်ကျော်ရေ၊ ကြီးကြီးလဲ အရိပ်ပြမှ အကောင်ထင်တယ် ဆိုသလိုဖြစ်နေပြီ။ အဲဒီတုန်းက ဒေါ်စုကြည် မပါတော့တဲ့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ရဲ့ မှန်ကန်တဲ့ ဆုံးဖြတ်လုပ်ဆောင်ချက်တွေကြောင့် ကြီးကြီးတို့ ဝမ်းသာအားရ ဖြစ်ခဲ့ကြရသေးတယ်။

စိုးမြကျော် ။ ကျွန်တော်လဲ ကြီးကြီးလိုပါပဲ၊ တစ်တောင်လောက်ပြမှ တစ်ထွာလောက်မြင်တယ်လို့ ဆိုရမယ်ထင်ပါရဲ့။ ၁၉၉၂ ခုနှစ် ဧပြီလ ၂၄ ရက်နေ့မှာ နိုင်ငံတော်က ကြေညာချက်အမှတ်(၁၁/၉၂) ထုတ်ပြန်ပြီး ပြစ်ဒဏ်ကျခံနေရသူတွေအနက် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်ဖွယ်မရှိသူအားလုံးကို ပြန်လွှတ်ပေးခဲ့တယ်လေ။

ဘကြီးစိုး ။ ဟုတ်တယ်ကွယ့်၊ အဲဒီကြေညာချက်ထဲမှာပဲ အမျိုးသားညီလာခံခေါ်ယူရေးနဲ့ စပ်လျဉ်းပြီး တရားဝင် တည်ရှိနေတဲ့ နိုင်ငံရေးပါတီတွေက ရွေးချယ်ခံကိုယ်စားလှယ်ခေါင်းဆောင်တွေ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တွေနဲ့ နှစ်လအတွင်း တွေ့ဆုံ ဆွေးနွေးမယ်လို့ ကြေညာခဲ့ပါတယ်။

ကြီးကြီးမြ ။ ဒါ့အပြင် ခိုင်မာတဲ့ အခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အခြေခံမူတွေချမှတ်နိုင်ဖို့ အမျိုးသားညီလာခံကို ခြောက်လအတွင်း ခေါ်ယူကျင်းပမယ်လို့လဲ ကြေညာခဲ့ပါသေးတယ်။

ဘကြီးစိုး ။ ဒါဟာ အခု အမေရိကန်နဲ့ အပေါင်းပါတွေရော၊ NLD ကရော တစ်ကျော့ပြန်ထပ်ပြီး တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာကို ဘကြီးတို့ နိုင်ငံတော်အစိုးရက ဦးစွာပထမ ဖိတ်ခေါ်ပြီး ကျင်းပလိုက်တာပဲကွယ့်။

ကြီးကြီးမြ ။ ဟုတ်တယ် ကိုစိုး၊ အဲဒီတုန်းက ဘယ်သူကမှ တွေ့ဆုံဆွေးနွေးရေးဆိုတာ ယောင်လို့တောင် မဟကြသေးပါဘူး။ တွေ့ဆုံ ဆွေးနွေးရေးဆိုတာထက် ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးကိုပဲ ဦးစားပေး အလေးထားနေကြတယ်လေ။

စိုးမြကျော် ။ အဲဒီတုန်းကဖြစ်စဉ်တွေကို ပြန်ကြည့်ရင် နိုင်ငံတော်အစိုးရက တွေ့ဆုံဆွေးနွေးရေးမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ထဲထဲဝင်ဝင် ပါဝင်နိုင်ကြဖို့ လမ်းဖွင့်ပေးခဲ့တာပဲနော် ဘကြီး။ ကျွန်တော် မှတ်မိသမျှ ပြောရရင် ကြေညာချက်အမှတ် (၁၁/၉၂)အရ ပြန်လွှတ်ပေးခဲ့သူ စုစုပေါင်း ၁၂၀၀ ကျော်တယ်။ အဲဒီအထဲမှာ ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် ကျခံနေရတဲ့ နိုင်ငံရေးပါတီခေါင်းဆောင်တွေ၊ ပါတီဝင်တွေ တော်တော်များများ ပါဝင်တယ်လို့ သိရပါတယ်။

ဘကြီးစိုး ။ ဒါဟာ အမျိုးသားညီလာခံကျင်းပရေးနဲ့ စပ်လျဉ်းပြီး သက်ဆိုင်ရာ နိုင်ငံရေးပါတီတွေအတွင်းမှာ ဆွေးနွေးဆုံးဖြတ်ကြတဲ့အခါ သက်ဆိုင်ပတ်သက်သူတွေ ပါဝင်နိုင်ဖို့ လမ်းဖွင့်ပေးခဲ့တာ ဖြစ်ပါတယ်။

ကြီးကြီးမြ ။ ဒါတင်ဘယ်ကဦးမလဲ မောင်ကျော်ရယ်၊ နောက် လေးရက်အကြာ ၂၈–၄–၁၉၉၂ရက်နေ့မှာ တပ်မတော်က ကရင်ပြည်နယ်မှာ ဆင်နွှဲနေတဲ့ စစ်ဆင်ရေးတွေကို တစ်ဖက်သတ် ရပ်ဆိုင်းကြောင်း ကြေညာခဲ့တယ်။ တစ်ပြည်လုံး အတိုင်းအတာနဲ့ ထိုးစစ်တွေကိုလဲ ရပ်ဆိုင်းပေးခဲ့တယ်။

ဘကြီးစိုး ။ အဲဒီလိုစစ်ဆင်ရေးတွေ၊ ထိုးစစ်တွေရပ်ဆိုင်းပေးခဲ့တာဟာ အမျိုးသားညီလာခံကျင်းပတဲ့အခါမှာ မြေပေါ်နိုင်ငံရေးအင်အားစုတွေသာမကဘဲ မြေအောက်နိုင်ငံရေးအင်အားစုတွေပါ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ဖို့အတွက် ငြိမ်းချမ်းရေးတံခါး ဖွင့်ပေးလိုက်တာဖြစ်လို့ တစ်တိုင်းပြည်လုံး အုန်းအုန်းကျွက်ကျွက်နဲ့ ဝမ်းသာ အားတက်ခဲ့ကြတာ ဘကြီး ပြန်ပြီးမြင်ယောင်နေမိသေးတယ်။

စိုးမြကျော် ။ တပ်မတော်အစိုးရရဲ့ ကောင်းမြတ်တဲ့ ရည်ရွယ်ချက်ကြောင့် ၁–၁၀–၁၉၉၃ ရက်နေ့မှာ ကချင်ပြည်နယ်မှ ကချင်လွတ်မြောက်ရေးတပ်မတော်(KIO)၊ ၉–၅–၁၉၉၄ ရက်နေ့မှာ ကယားပြည်နယ်မှ ကရင်နီပြည်သူ့လွတ်မြောက်ရေးတပ်ဦးနဲ့ ၂၆–၇–၁၉၉၄ ရက်နေ့မှာ ရှမ်းပြည်နယ်မှ ရှမ်းပြည်လူမျိုးစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့တွေ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတယ်လို့ မှတ်တမ်းတင်ထားတာ ဖတ်လိုက်ရပါတယ် ဘကြီး။

ကြီးကြီးမြ ။ အဲဒီလို မြေအောက်နိုင်ငံရေးအင်အားစုတွေ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသလို ဒေါ်စုကြည်ရဲ့ လောင်းရိပ်အောက်က လွတ်မြောက်နေတဲ့ NLD ပါတီ အပါအဝင် တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီတွေ အားလုံးက တပ်မတော်အစိုးရရဲ့ တွေ့ဆုံဆွေးနွေးရေး ဖိတ်ခေါ်မှုကို လက်ကမ်းကြိုဆိုပြီး အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို မပျက်မကွက် တက်ရောက်ခဲ့ကြတယ်။

စိုးမြကျော် ။ ကဗျာဆန်ဆန် တင်စားပြောရရင် “ချစ်၍ခေါ်သည်၊ လိုက်တော်မူခဲ့၊ မပျောင်းနွဲ့နဲ့”လို့ ဆိုရလောက်အောင် လက်တွဲခေါ်ခဲ့တာပဲနော် ကြီးကြီး။

ကြီးကြီးမြ ။ မင်းကသာ ကဗျာဆန်ဆန် တင်စားကြည့်နေတာ၊ အဲဒီတုန်းကသာ NLD ဟာ ဒေါ်စုကြည်နဲ့ တစ်တွဲတည်း မခွဲဘဲရှိနေရင်“မောင်ခေါ်ရာမယ်မလိုက်နိုင်ဘူး”လို့ ရန်စွယ်ငေါငေါနဲ့ ပြန်ပြောမှာ မြင်ယောင်မိသေးတယ်။

ဘကြီးစိုး ။ မောင်ကျော်တို့ တူဝရီးက ကဗျာဆန်ဆန်ပြောနေကြလို့ ဘကြီးလဲ ပြောရဦးမယ်။ အဲဒီတုန်းက မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ရာသီဥတုဟာ “တိမ်မှောင်ဝေကင်း၊ မျူခြေရှင်း၍၊ လမင်းဝင်းကြည်၊ အေးမြသည်”ဆိုသလိုပဲ မိုးလေဝသ ကောင်းခဲ့တာ အမှန်ပဲကွယ့်။

စိုးမြကျော် ။ အဲဒီတုန်းက မြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုတွေကို ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး ။ ၂၃–၆–၁၉၉၂ ရက်နေ့မှာ အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို စတင်ကျင်းပနိုင်ခဲ့တယ်။ အဲဒီဆွေးနွေးပွဲကို NLDက ကိုယ်စားလှယ် ၁၅ ဦး၊ SNLD (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)က ကိုယ်စားလှယ် ခြောက်ဦးအပါအဝင် နို[...] စားလှယ်တွေ တက်ရောက်ခဲ[...]

ကြီးကြီးမြ ။ ၁၀–၇–၁၉၉၂ ရက်နေ့အထိ [...] ပြုလုပ်ခဲ့ပြီး အမျိုးသားညီလာ[...] သင့်တဲ့ ကိုယ်စားလှယ်အစုအဖွဲ့[...] တူ ညှိနှိုင်းဆုံးဖြတ်ခဲ့ကြတယ်[...]

ဘကြီးစိုး ။ တပ်မတော်အစိုးရနဲ့ နိုင်ငံရေးပါ[...] အောင်မြင်မှုကို အထူးအလေးဂ[...] နိုင်ငံတော်အကြီးအကဲ တပ်မ[...] ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တို[...] နေတဲ့ ကိုယ်စားလှယ်တွေကို [...] တွေ့ဆုံနှုတ်ဆက် အားပေးခဲ့[...]

စိုးမြကျော် ။ **မြေအောက်နိုင်ငံရေးအင်အားစု[...] ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့[...] မြေပေါ်နိုင်ငံရေး အင်အားစုတွေ[...] အမျိုးသားပြန်လည်သင့်မြတ်[...] တယ်လို့ ဆိုရမှာပေါ့နော် ဘ[...]**

ဘကြီးစိုး ။ မှန်တာပေါ့ကွယ်၊ ဒီနေရာမှာ [...] ချချင်တာက အဲဒီ **တွေ့ဆုံဆွေး[...] ပယောဂမပါလို့၊ ဒေါ်စုကြည်ရဲ[...] မြင်မှု အပြည့်အဝ ရခဲ့တယ်** [...]

ကြီးကြီးမြ ။ ဟုတ်တယ် မောင်ကျော်၊ အဲဒီ[...] ကိုယ့်ပြည်တွင်းမှာပဲ ကိုယ့်တို[...] တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ခဲ့[...] လ ၉ ရက်နေ့မှာ အမျိုးသားညီ[...] မြင်မြင် စတင်ကျင်းပနိုင်ခဲ့တ[...]

စိုးမြကျော် ။ မြန်မာနိုင်ငံမှာ နှစ်ပေါင်းလေး[...] လက်နက်ကိုင် ပဋိပက္ခနဲ့ နိုင်ငံ[...] ပပျောက်နိုင်ဖို့အတွက် ဟိုတု[...] ဦးနုရော၊ အလံနီ သခင်စိုးကြီးဝ[...] ခဲ့ကြဖူးတယ်လို့ သိရပါတယ်[...] ကျမှ အမျိုးသားညီလာခံကြီး ကျ[...] အစိုးရရဲ့ တွေ့ဆုံဆွေးနွေးပွဲ အော[...] မရဘူးဆိုတာ ပေါ်လွင်ထင်ရှာ[...]

ဘကြီးစိုး ။ ဒါပေါ့ကွယ်၊ အမျိုးသားညီလာ[...] က မဖြစ်မနေ မရပ်မနား က[...] ကြိမ်သော တွေ့ဆုံဆွေးနွေးပွဲ[...] ပေါ်ပေါက်လာတဲ့ အဆင့်အမြင့်[...] ဆွေးနွေးပွဲကြီး ဖြစ်ပါတယ်။

ကြီးကြီးမြ ။ **အမျိုးသားညီလာခံကို ပါဝင်တ[...] လှယ်အစုအဖွဲ့ အမျိုးအစားနဲ့[...]**

- **အမျိုးသားညီလာခံကို ပါဝင်တက်ရောက်ခဲ့ကြတဲ့ ကိုယ်စားလှယ်အစုအဖွဲ့ အမျိုးအစားနဲ့ အရေအတွက်[...] အားလုံး၊ လူတန်းစားအလွှာအားလုံးကို ကိုယ်စားပြုနေကြောင်း တွေ့ရှိနိုင်ပါတယ်။**
- **ကျွန်တော့်မှတ်စုစာအုပ်ထဲမှာ ရေးမှတ်ထားတာရှိလို့ ဖတ်ပြပါရစေ၊ တရားဝင်တည်ရှိနေတဲ့ နိုင်ငံ[...] စုစုပေါင်း ၅၀၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော နိုင်ငံရေးပါတီ ခြောက်ပါတီမှ ကိုယ်စားလှယ် ၉[...] လူမျိုးကိုယ်စားလှယ် ၂၁၅ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ် ၉၃ဦး၊ အလုပ်သမားကိုယ်စားလှ[...] ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ် ၅၇ဦး စုစုပေါင်း အမျိုးသားညီလာခံကိုယ်စားလှယ် ၇၀၂ဦးပါဝင် တက်[...]**
- **အဲဒီ ကိုယ်စားလှယ်တွေထဲမှာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့တဲ့ ငြိမ်းချမ်းရေး အဖွဲ့အစည်းတွေက[...]**
- **အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်၅၇ဦးထဲမှာ တိုင်းရင်းသားငြိမ်းချမ်းရေး အဖွဲ့အစည်းတွေက ကိုယ်စား[...] ကိုယ်စားလှယ်ဦးရေအများဆုံးပဲ၊ NLD ဥက္ကဋ္ဌ ဦးအောင်ရွှေ ခေါင်းဆောင်ပြီး ကိုယ်စားလှယ် ၈[...]**

နွေးရေးဟု.... ဆိုကာ (၂)

လှယ် ခြောက်ဦးအပါအဝင် နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေ တက်ရောက်ဆွေးနွေးခဲ့ကြတယ်။

ကြီးကြီးမြ ။ ၁၀–၇–၁၉၉၂ ရက်နေ့အထိ တွေ့ဆုံဆွေးနွေးပွဲ သုံးကြိမ်ပြုလုပ်ခဲ့ပြီး အမျိုးသားညီလာခံကျင်းပရာမှာ ဖိတ်ကြားသင့်တဲ့ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့သတ်မှတ်ဖို့ သဘောတူ ညှိနှိုင်းဆုံးဖြတ်ခဲ့ကြတယ်။

ဘကြီးစိုး ။ တပ်မတော်အစိုးရနဲ့ နိုင်ငံရေးပါတီတွေရဲ့ တွေ့ဆုံဆွေးနွေးပွဲအောင်မြင်မှုကို အထူးအလေးဂရုပြုတဲ့အနေနဲ့ အဲဒီနေ့မှာပဲ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ဆွေးနွေးပွဲတက်ရောက်နေတဲ့ ကိုယ်စားလှယ်တွေကို ရင်းရင်းနှီးနှီး ခင်ခင်မင်မင် တွေ့ဆုံနှုတ်ဆက် အားပေးခဲ့တယ်ကွယ့်။

စိုးမြကျော် ။ **မြေအောက်နိုင်ငံရေးအင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တဲ့ တပ်မတော်အစိုးရဟာ မြေပေါ်နိုင်ငံရေး အင်အားစုတွေနဲ့လဲ တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်ခဲ့တယ်လို့ ဆိုရမှာပေါ့နော် ဘကြီး။**

ဘကြီးစိုး ။ မှန်တာပေါ့ကွယ်၊ ဒီနေရာမှာ ဘကြီးကောက်ချက်တစ်ခု ချချင်တာက အဲဒီ **တွေ့ဆုံဆွေးနွေးပွဲအားလုံးဟာ ပြည်ပ ပယောဂမပါလို့၊ ဒေါ်စုကြည်ရဲ့ ပယောဂမပါလို့ အောင်မြင်မှု အပြည့်အဝ ရခဲ့တယ်** ဆိုတာပါပဲ။

ကြီးကြီးမြ ။ ဟုတ်တယ် မောင်ကျော်၊ အဲဒီလို ကိုယ့်ပြည်တွင်းရေးကို ကိုယ့်ပြည်တွင်းမှာပဲ ကိုယ့်တိုင်းရင်းသား အချင်းချင်း တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ခဲ့ကြလို့ ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှာ အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် စတင်ကျင်းပနိုင်ခဲ့တာ ဖြစ်တယ်။

စိုးမြကျော် ။ မြန်မာနိုင်ငံမှာ နှစ်ပေါင်းလေးဆယ်ကျော် အရိုးစွဲနေခဲ့တဲ့ လက်နက်ကိုင် ပဋိပက္ခနဲ့ နိုင်ငံရေးပဋိပက္ခတွေ ချုပ်ငြိမ်းပပျောက်နိုင်ဖို့အတွက် ဟိုတုန်းက ဝန်ကြီးချုပ်ဟောင်း ဦးနုရော၊ အလံနီ သခင်စိုးကြီးတို့ရော အဆိုပြုပြီး ကြိုးပမ်းခဲ့ကြဖူးတယ်လို့ သိရပါတယ်။ ၁၉၈၈ခုနှစ်နောက်ပိုင်းကျမှ အမျိုးသားညီလာခံကြီး ကျင်းပနိုင်ခဲ့တာမို့ တပ်မတော်အစိုးရရဲ့ တွေ့ဆုံဆွေးနွေးပွဲအောင်မြင်မှုကို မျက်ကွယ်ပြုလို့ မရဘူးဆိုတာ ပေါ်လွင်ထင်ရှားနေပါတယ်။

ဘကြီးစိုး ။ ဒါပေါ့ကွယ်၊ အမျိုးသားညီလာခံဆိုတာ တပ်မတော်အစိုးရက မဖြစ်မနေ မရပ်မနား ကျင်းပပြုလုပ်ခဲ့တဲ့ အကြိမ်ကြိမ်သော တွေ့ဆုံဆွေးနွေးပွဲတွေကို အကြောင်းပြုပြီး ပေါ်ပေါက်လာတဲ့ အဆင့်အမြင့်ဆုံး အမျိုးသားရေး တွေ့ဆုံဆွေးနွေးပွဲကြီး ဖြစ်ပါတယ်။

ကြီးကြီးမြ ။ **အမျိုးသားညီလာခံကို ပါဝင်တက်ရောက်ခဲ့ကြတဲ့ ကိုယ်စားလှယ်အစုအဖွဲ့ အမျိုးအစားနဲ့ အရေအတွက်ကိုကြည့်ရင်**

စိုးမြကျော်

တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး၊ တိုင်းရင်းသားအားလုံး၊ လူတန်းစားအလွှာ အားလုံးကို ကိုယ်စားပြုနေကြောင်း တွေ့ရှိနိုင်ပါတယ်။

စိုးမြကျော် ။ **ကျွန်တော့်မှတ်စုစာအုပ်ထဲမှာ ရေးမှတ်ထားတာရှိလို့ ဖတ်ပြပါရစေ။ တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီ ၁၀ပါတီမှ တစ်ပါတီ ကိုယ်စားလှယ်ငါးဦးစီနဲ့ စုစုပေါင်း၅၀၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော နိုင်ငံရေးပါတီ ခြောက်ပါတီမှ ကိုယ်စားလှယ် ၉၉ဦး၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ရှစ်ဦး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၂၁၅ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ် ၉၃ ဦး၊ အလုပ်သမားကိုယ်စားလှယ် ၄၈ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် ၉၂ဦး၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်၅၇ဦး စုစုပေါင်း အမျိုးသားညီလာခံကိုယ်စားလှယ် ၇၀၂ဦးပါဝင်တက်ရောက်ခဲ့ကြောင်း တွေ့ရပါတယ်။**

ကြီးကြီးမြ ။ **အဲဒီ ကိုယ်စားလှယ်တွေထဲမှာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့တဲ့ ငြိမ်းချမ်းရေး အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေလဲ ပါတယ်** မဟုတ်လား ကိုစိုး။

ဘကြီးစိုး ။ ပါတာပေါ့ကွယ်၊ **အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်၅၇ဦးထဲမှာ တိုင်းရင်းသားငြိမ်းချမ်းရေး အဖွဲ့အစည်းတွေက ကိုယ်စားလှယ် ၄၂ဦးတောင် ပါဝင်ခဲ့ပါတယ်။ NLD ဆိုရင်လဲ ကိုယ်စားလှယ်ဦးရေအများဆုံးပဲ။ NLDဥက္ကဋ္ဌ ဦးအောင်ရွှေခေါင်းဆောင်ပြီး ကိုယ်စားလှယ် ၈၆ ဦးအထိ ပါဝင်တက်ရောက်ခဲ့တယ်။**

စိုးမြကျော် ။ ဒါဆို ဥပဒေဘောင်အတွင်း မဝင်ရောက်သေးတဲ့ တောတွင်း လက်နက်ကိုင်အဖွဲ့အချို့နဲ့ ဥပဒေကို ဆန့်ကျင်ကျောခိုင်းနေသူ တချို့ကလွဲလို့ တစ်နိုင်ငံလုံးကို စုရုံး ကိုယ်စားပြုနေတာပဲပေါ့။

ဘကြီးစိုး ။ အဲဒီလို ကိုယ်စားပြုမှု မှန်ကန်မျှတခဲ့လို့လဲ အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ်ကနေ ၁၉၉၅ခုနှစ် နိုဝင်ဘာလ ၂၇ရက်နေ့အထိ အထစ်အငေါ့မရှိဘဲ အဆင်ပြေချောမွေ့စွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပါတယ်။

စိုးမြကျော် ။ အဲဒီအမျိုးသားညီလာခံကနေ ဘယ်လိုအောင်မြင်မှုတွေ ရရှိခဲ့တာလဲ ဘကြီး။

ဘကြီးစိုး ။ ဘကြီးတို့နိုင်ငံအတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်သင့်တဲ့ နိုင်ငံတော် အခြေခံမူ ၁၀၄ ချက်နဲ့ အခန်းလိုက်ခေါင်းစဉ် ၁၅ခုကို အားလုံး ညှိနှိုင်းသဘောတူညီမှုနဲ့ ချမှတ်နိုင်ခဲ့တယ်ကွယ့်။ ဒါ့အပြင် အသေးစိတ်အခြေခံရမယ့်မူ အချို့ကိုလဲ ချမှတ်နိုင်ခဲ့ပါတယ်။

စိုးမြကျော် ။ ဒါဆို အရှိန်အဟုန်မြင့်မြင့်မားမားနဲ့ အောင်အောင်မြင်မြင် ထိထိရောက်ရောက် ကျင်းပနိုင်ခဲ့တာပဲ။ ဘာကြောင့် ၁၉၉၆ခုနှစ်မှာ ယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ရတာလဲ ဘကြီး။

ကြီးကြီးမြ ။ အဲဒါပြောတာပေါ့ကွယ်၊ ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက်ဆိုသလို မောင်မင်းကြီးသား မိုက်ကယ်အဲရစ်နဲ့ မယ်မင်းကြီးမဒေါ်စုကြည်တို့ရဲ့ စနက်ကြောင့် ပျက်ခဲ့ရတာပဲကွယ့်။

စိုးမြကျော် ။ အမေရိကန်နဲ့ ဗြိတိန်တို့ရဲ့ ဖုံးကွယ် လှည့်စားချက်တွေနဲ့ ဒေါ်စုကြည်ရဲ့ ဖုံးကွယ်လှည့်စားချက်တွေ ပေါင်းစပ်ပြီး မကောင်းတဲ့အကျိုးဆက်တွေ ပေါ်ပေါက်လာတာပဲ ဖြစ်မယ်ထင်ပါရဲ့။ ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်းသိရအောင် ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး ။ အဲဒီအချိန်တုန်းက အမျိုးသားညီလာခံကျင်းပမှုက အရှိန်အဟုန်ကောင်းသလို ရလဒ်ကောင်းတွေ ရရှိနေတယ်။ ဘကြီးကိုယ်တိုင် ညီလာခံကိုယ်စားလှယ် အဖြစ် ၂ နှစ်၊ ၁၀ လနဲ့ ၁၆ ရက်တိတိ ပါဝင်တက်ရောက်ခဲ့ရတာမို့ NLD နဲ့ SNLD က ကိုယ်စားလှယ်တွေနဲ့ ရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံခဲ့ရတယ်။ အားလုံးရဲ့သဘောထားကလဲ အမျိုးသားညီလာခံအပေါ်မှာ လေးနက်ခိုင်မာနေတယ်။ NLD နဲ့ ဒေါ်စုကြည်ကလဲ တသီးတခြားစီ ဖြစ်နေကြပြီလေ။ အမျိုးသားညီလာခံကြီးရဲ့ မွန်မြတ်တဲ့ရည်ရွယ်ချက်နဲ့ ကောင်းမြတ်တဲ့လုပ်ဆောင်ချက်တွေကြောင့် ကြားကနေ ဘယ်သူမှဝင်ဖျက်မယ်လို့လဲ မထင်ခဲ့ကြဘူး။

ကြီးကြီးမြ ။ ၁၉၉၄ ခုနှစ် စက်တင်ဘာလမှာ နိုင်ငံတော်အကြီးအကဲနဲ့ တွေ့ဆုံခဲ့ရမှာရော၊ အောက်တိုဘာလမှာ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံခဲ့ရမှာရော ဒေါ်စုကြည်က ဘယ်လိုကတိစကားတွေ ပေးခဲ့သလဲမှ မသိဘဲ။

ဘကြီးစိုး ။ သေချာတာတစ်ခုကတော့ နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံ့အကြီးအကဲတွေဟာ ဆိုခဲစေ မြဲစေ ဆိုတဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်တယ်။ စကားကို ဘယ်တော့မှ လက်လွတ်စပယ် မပြောဘူး။ ပြောရင်လဲ ပြောတဲ့အတိုင်း မဖြစ်မနေ မဆုတ်မနစ်လုပ်ကြတယ်။

ကြီးကြီးမြ ။ ဒါကြောင့်မို့လဲ ၁၉၉၅ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့မှာ ဒေါ်စုကြည်အပေါ် ယုံကြည်မှု အပြည့်အဝထားပြီး ကန့်သတ်တားမြစ်ထားမှုကို ပြန်လည်ရုပ်သိမ်းပေးခဲ့တာပေါ့ကွယ်။

ဘကြီးစိုး ။ ဒီနေရာမှာ ဘကြီး ပြန်လည်ကြားသိရတာတစ်ခုကို နိုင်ငံတကာကရော၊ အများပြည်သူတွေရော သိအောင်ပြောပြရတော့မယ်။ ဘကြီး နားနဲ့ဆတ်ဆတ် ကြားရတာမဟုတ်ဘဲ တစ်ဆင့်စကား တစ်ဆင့်နား ပြန်ကြားခဲ့ရတာမို့ မှားချင်လဲမှားမယ်၊ ဒါပေမယ့် စကားနောက် တရားပါ ဆိုသလို အဲဒီဖြစ်ရပ်ကတော့ အမှန်တကယ် ဖြစ်သွားခဲ့တာပဲ။

ကြီးကြီးမြ ။ ဘာများလဲ ကိုစိုး၊ မြကိုတောင် တစ်ခါမှမပြောခဲ့ဖူးပါဘူး။

ဘကြီးစိုး ။ ပုဂ္ဂိုလ်ရေးတွေပါနေလို့၊ တစ်ဖက်သားကိုထိခိုက်မှာစိုးလို့ မပြောခဲ့တာပါ။ ၁၉၉၃ ခုနှစ်ကတည်းက အမျိုးသားညီလာခံမှာ ပါဝင်တက်ရောက်နေတဲ့ ကိုယ်စားလှယ်တချို့တလေ သိထားပြီးသားကိစ္စပါ။

စိုးမြကျော် ။ ကျွန်တော်တို့ မသိသင့် မသိထိုက်ရင်လဲ မပြောပါနဲ့တော့ ဘကြီးရယ်။ ကိုယ်စိတ်နှလုံး သုံးပါးစလုံး ဘကြီး စောင့်ထိန်းတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။

ဘကြီးစိုး ။ အခုချိန်မှာ ဘကြီးပြောမယ့်ကိစ္စဟာ နိုင်ငံ့အရေး၊ တစ်မျိုးသားလုံးအရေး ဖြစ်နေလို့ မပြောမပြီး မတီးမမြည် ဆိုသလို ပြောရတာပါ။ အဲဒါကတော့ နိုင်ငံတော်နဲ့ ဒေါ်စုကြည်တို့ တွေ့ဆုံဆွေးနွေးတဲ့သတင်းကို ရုပ်မြင်သံကြားနဲ့ သတင်းစာက ဖော်ပြလိုက်ချိန်မှာ ကြားလိုက်ရတဲ့ ပွဲတင်သံလို့ပဲ ဆိုရလိမ့်မယ်။ အမျိုးသားညီလာခံတက်နေတဲ့ NLD ကိုယ်စားလှယ်တချို့က ဒေါ်စုကြည်ကို နိုင်ငံတော်က လတ်တလောအခြေအနေမှာ ပြန်လွှတ်ပေးလိုက်မှာကို စိုးရိမ်မကင်း ဖြစ်နေကြတယ်ဆိုတဲ့ သတင်းပါပဲ။

ကြီးကြီးမြ ။ သူတို့က ဘာလို့စိုးရိမ်မကင်း ဖြစ်ခဲ့ကြတာလဲ ကိုစိုး။

ဘကြီးစိုး ။ ဒေါ်စုကြည် ပြန်လွှတ်လာတာနဲ့ NLD ကိုပြန်လည်ချုပ်ကိုင်လွှမ်းမိုးပြီး အမျိုးသားညီလာခံကြီး ပျက်စီးအောင် ပြည်ပအားကိုးနဲ့ ဖျက်လိုဖျက်ဆီး လုပ်လာမှာကို တွက်ဆပြီး စိုးရိမ်နေကြတာလို့ ကြားခဲ့ရတာပါပဲကွယ်။

စိုးမြကျော် ။ ဟုတ်မယ်ဘကြီး၊ NLD ကိုယ်စားလှယ်တွေ အားလုံးလိုလိုဟာ ၁၉၈၉ ခုနှစ်ကစပြီး ဒေါ်စုကြည်နဲ့ အနီးကပ်ထိတွေ့ ဆက်ဆံခဲ့ကြဖူးတာမို့ ဒေါ်စုကြည်ဝမ်းထဲမှာ အူဘယ်နှခွေ ရှိတယ်ဆိုတာ သိနေကြလို့ ထင်ပါရဲ့။

ကြီးကြီးမြ ။ အမှန်ပဲဟေ့၊ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း ဆိုသလိုပဲ ဒေါ်စုကြည်ကလဲ လွှတ်လွှတ်ချင်း မိုးကြိုးနဲ့ ခွင်းတော့တာပဲ မဟုတ်လား။ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့မှာ ပြန်လွှတ်လာတယ်။ ၂၄ နာရီတောင် မဆိုင်းဘူး၊ ဇူလိုင်လ ၁၁ ရက်နေ့မှာ ဘီလူးဆိုင်း တီးတော့တာပဲ။

စိုးမြကျော် ။ ဟုတ်တယ် ကြီးကြီး၊ အဲဒီနေ့က သတင်းစာရှင်းလင်းပွဲမှာ နိုင်ငံခြားသတင်းထောက်တွေက နိုင်ငံတော်အစိုးရအပေါ် ဘယ်လိုသဘောထားသလဲလို့ ရေလာမြောင်းပေး မေးခဲ့ကြတယ်။ ဒေါ်စုကြည်က **တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး ကြိုက်ရာရွေးရမယ်လို့ ခြိမ်းခြောက်စကား ပြောကြားခဲ့တာ တိုင်းသိ ပြည်သိ ကမ္ဘာသိပါပဲ**။

ကြီးကြီးမြ ။ အဲဒီလို ဒေါ်နဲ့မောနဲ့ ပြောအားရှိမှာပေါ့ကွယ်၊ သူ့နောက်မှာ အမေရိကန်အစိုးရနဲ့ ဗြိတိန်အစိုးရဆိုတဲ့ ကိုလိုနီနယ်ချဲ့လက်သစ်တွေ ရှိနေကြောင်း ကိုရွှေမိုက်ကယ်အဲရစ်က သူ့ကို ကောင်းကောင်းကြီး နားချသွားလို့ဖြစ်မှာပေါ့။

စိုးမြကျော် ။ သေချာတယ် ကြီးကြီး၊ အဲဒီလူ ဒေါ်စုကြည်ဆီ နောက်ဆုံးအခေါက် တစ်လလောက်ရောက်လာပြီး မွေးနောက် ခလောက်ဆန်သွားတာဖြစ်မယ်။ ၂၁–၁–၁၉၉၀ ရက်နေ့ အင်္ဂလန်ကို ဘင်သံနဲ့ အပြန် ဗန်ကောက်လေဆိပ်မှာ ဒေါ်စုကြည်က ၎င်းရဲ့တိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားမယ်လို့ ပြောတယ်ဆိုတဲ့ မိုက်ကယ်အဲရစ်ရဲ့ ကြေညာချက်နဲ့ ကွက်တိပဲ။

ဘကြီးစိုး ။ ဟော–ပြောရင်းဆိုရင်း ဆွေးနွေးရင်းနဲ့ မောင်ကျော်တို့ တူဝရီးနှစ်ယောက် စိတ်အချဉ်ပေါက်လာကြပြန်ပြီ။

ကြီးကြီးမြ ။ သူတို့က ဒီလောက်တောင် နောက်ကျောကို ဓားနဲ့ထိုးနေမှတော့ ဘယ်သူ စိတ်အချဉ်မပေါက်ဘဲ ရှိနိုင်တော့မှာလဲ။ ကိုစိုးလဲ သိပြီးသားပါ။ နောက်နေ့သတင်းစာရှင်းလင်းပွဲတွေမှာ မယ်မင်းကြီးမ ဘာထပ်ပြောသလဲဆိုတာ။

စိုးမြကျော် ။ ဟုတ်တယ်ဘကြီး၊ နောက်နေ့သတင်းစာရှင်းလင်းပွဲတွေမှာ ဒေါ်စုကြည်က သူ့ထက်ကဲ ရွှေပြည်စိုး လုပ်ပြခဲ့တယ်။ အမျိုးသားညီလာခံဟာ နာမည်ခံသာဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို မကြိုက်ကြောင်း၊ ပြုပြင်ပြောင်းလဲစရာတွေရှိကြောင်း၊ ဦးအောင်ရွှေတို့ အမျိုးသားညီလာခံ တက်ရောက်နေတာဟာ သူနဲ့ သဘောထားမတိုက်ဆိုင်ကြောင်း ဘာတစ်ခုမှ ရစရာမရှိအောင်ကို သူမို့လို့ ပြောရဲလိုက်တာ။

ကြီးကြီးမြ ။ ပြောရဲတာပေါ့ကွယ်၊ အဲဒီအချိန်မှာ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးနဲ့ ဒေါ်စုကြည်တို့ ချောင်းပေါက်အောင် ဝင်ထွက် သွားလာနေပြီပဲ။ စည်းမစောင့်တဲ့ အဲဒီသံတမန်တွေက သူ့ကို ရဲဆေးတင်ပေးထားပြီလေ။ မကြာခင်မှာ သူ့ကို အားပေးထောက်ခံကြောင်း ပြသဖို့ အမေရိကန်တစ်ယောက် ရောက်လာဦးမယ်ဆိုတာတောင် ဒေါ်စုကြည်က ကြိုသိနေပြီပဲ။

စိုးမြကျော် ။ ဟို ဂျွန်ဘိုလ်တန်ဆိုတဲ့ လူလိုပဲ၊ မြန်မာပြည်ကိုချောက်ချဖို့ ကုလသမဂ္ဂမှာ အမေရိကန်သံအမတ်ကြီးလုပ်ခဲ့တဲ့ မယ်ဒလင်းအောဘရိုက် မဟုတ်လား။ သူကလဲ အရေးအခင်းကာလ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ဖွဲ့ အမျိုးအစားနဲ့ အရေအတွက်ကိုကြည့်ရင် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး၊ တိုင်းရင်းသား ရှိနိုင်ပါတယ်။

တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီ ၁၀ပါတီမှ တစ်ပါတီ ကိုယ်စားလှယ်ငါးဦးစီနဲ့ ခြောက်ပါတီမှ ကိုယ်စားလှယ် ၉၉ဦး၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ရှစ်ဦး၊ တိုင်းရင်းသား ၉၃ဦး၊ အလုပ်သမားကိုယ်စားလှယ် ၄၈ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် ၉၂ဦး၊ အခြား ယ်စားလှယ် ၇၀၂ဦးပါဝင် တက်ရောက်ခဲ့ကြောင်း တွေ့ရပါတယ်။

ငြိမ်းချမ်းရေး အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေလဲပါတယ်။

ရေး အဖွဲ့အစည်းတွေက ကိုယ်စားလှယ် ၄၂ဦးတောင် ပါဝင်ခဲ့ပါတယ်။ NLD ဆိုရင်လဲ ါင်းဆောင်ပြီး ကိုယ်စားလှယ် ၈၆ဦးအထိ ပါဝင်တက်ရောက်ခဲ့တယ်။

စာမျက်နှာ ၉ မှ

တုန်းက မြန်မာနိုင်ငံကို ဆိုင်းမဆင့် ဗုံမဆင့် ပေါက်ချလာပြီး ကြားဖြတ်အစိုးရဖွဲ့ပါ၊ ဘာညာနဲ့ အားမနာ လျှာမကျိုး သွေးထိုးသွားတဲ့ စတီဗင်ဆိုလာ့ဇ်ဆိုတဲ့လူနဲ့ အမျိုးမကွဲ တစ်ချိုးတည်းပဲ ကြီးကြီး။

ဘကြီးစိုး ။ မောင်ကျော်နဲ့ မြတို့ကလဲ ပြောမရ ဆိုမရနဲ့၊ ဒေါသတွေ သင့်နေကြပါဦးမယ်။

ကြီးကြီးမြ ။ သူတို့က လောဘတက် ပယောဂစွက်လို့ မြတို့ဘက်က ဒေါသထွက်ရတာပါ ကိုစိုး။ အဲဒီ မယ်ဒလင်းအောဘရိုက်က ဒေါ်စုကြည်နဲ့ နှစ်ကိုယ်ကြား ငြိမ်းချမ်းရေးစကားပြောသွားတာမှ မဟုတ်တာ။ သူအပြန် ရန်ကုန်လေဆိပ်မှာ ပြောသွားပုံကိုကြည့်လေ၊ ဒေါ်စုကြည်နဲ့ တွေ့ဆုံဆွေးနွေးတာကို သူမြင်လိုတဲ့အကြောင်း မြန်မာနိုင်ငံအစိုးရကို တိုက်တွန်းခဲ့သတဲ့။

စိုးမြကျော် ။ အမေရိကန်လွှတ်တော်အမတ် ဆိုလာ့ဇ်က ၁၉၈၈ ခုနှစ်မှာ ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးတဲ့၊ အမေရိကန်သံအမတ် မယ်ဒလင်းအောဘရိုက်က ၁၉၉၅ ခုနှစ်မှာ တွေ့ဆုံဆွေးနွေးရေးတဲ့ အမေရိကန်တွေ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ဖို့ ကြိုးပမ်းနေကြပုံက ကမ်းကုန်ပါရောလား။

ဘကြီးစိုး ။ ကဲပါကွယ်၊ မင်းတို့ပြောသမျှကို ဘကြီးကပဲ ဆက်စပ်ပြီး အနားသတ်ပေးပါ့မယ်။ အဲဒီ ၁၉၉၅ ခုနှစ် စက်တင်ဘာလမှာ အမေရိကန်အစိုးရက NLD ပါတီမှ တရားဝင်လူသိရှင်ကြား အထုတ်ပယ်ခံထားရတဲ့ ဒေါ်စုကြည်ကို NLDပါတီခေါင်းဆောင်အဖြစ် ပြန်လည်ခန့်အပ်တာဝန်ပေးသွားခဲ့တယ်။ ဒါကြောင့် ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်ကို မလွန်ဆန်ရဲဘဲ NLD ကိုယ်စားလှယ်တွေအားလုံး အမျိုးသားညီလာခံကို ဆန့်ကျင် ကျောခိုင်းထွက်ခွာသွားခဲ့ကြရတယ်။ ဒါဟာ လွမ်းစရာမကောင်းပေဘူးလားကွယ်။

စိုးမြကျော် ။ တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး ကြိုက်ရာရွေးလို့ ကြွေးကြော်ပြီး ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးရဲ့ အသည်းနှလုံးဖြစ်တဲ့ တွေ့ဆုံဆွေးနွေးရေး အမျိုးသားရေးစင်မြင့်ကြီး ပျက်သုဉ်းအောင် ရည်ရွယ်ချက်ရှိရှိနဲ့ သူမို့ လုပ်ကြံ ဖျက်ဆီးရက်တယ်နော်။

ဘကြီးစိုး ။ မောင်ကျော်က ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ကြံဖျက်ဆီးရက်တယ်ဆိုလို့ အမေရိကန်နဲ့ ဒေါ်စုကြည်တို့ရဲ့ ဖုံးကွယ်လှည့်စားထားတဲ့ ရည်ရွယ်ချက်ရဲ့ ရက်စက်မှုတွေကို ဘကြီး ရှင်းပြပါဦးမယ်။

စိုးမြကျော် ။ ဟုတ်ကဲ့ပါ ဘကြီး၊ အမေရိကန်နဲ့ ဒေါ်စုကြည်တို့ရဲ့ လုပ်ရပ်က လင်းနို့ခွန်တောင်းရင် ကြွက်ယောင်ဆောင်ပြီး ကြွက်ခွန်တောင်းတော့ လင်းနို့ယောင်ဆောင်သလို ပရိယာယ်ကြွယ်လှတာမို့ ကျွန်တော်တို့ ပြည်သူတွေအားလုံး ကျောချမ ခားပြမှန်းသိရတဲ့ အဖြစ်မျိုး ထပ်မရောက်အောင် ရှင်းပြပေးပါဦး။

ဘကြီးစိုး ။ ၁၉၉၅ ခုနှစ်က ဒေါ်စုကြည် ခြိမ်းခြောက် တောင်းဆိုခဲ့တဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာနဲ့ အခု ၂၀၀၇ခုနှစ်မှာ အမေရိကန်နဲ့ ဗြိတိန်တို့ လုံခြုံရေးကောင်စီက တစ်ဆင့် ခြိမ်းခြောက်တောင်းဆိုနေတဲ့ တွေ့ဆုံ ဆွေးနွေးရေးဆိုတာဟာ အမှန်တကယ် တွေ့ဆုံဆွေးနွေးချင်လို့ မဟုတ်ဘူးကွယ့်။

ကြီးကြီးမြ ။ ဒေါ်စုကြည် ၁၉၉၅ခုနှစ် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုခဲ့တုန်းက အမျိုးသားညီလာခံ ကျင်းပနေတယ်မဟုတ်လား။ အခု အမေရိကန်နဲ့ ဗြိတိန်တို့ ၂၀၀၇ခုနှစ် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုနေချိန်မှာလဲ အမျိုးသားညီလာခံ ကျင်းပနေတယ်မဟုတ်လား။

စိုးမြကျော် ။ ကျွန်တော်သဘောပေါက်ပြီ၊ ဒေါ်စုကြည်က ၁၉၉၅ခုနှစ် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုမှုနဲ့ အမျိုးသားညီလာခံ ပျက်အောင် ဖျက်ခဲ့တယ်။ အခု အမေရိကန်နဲ့ ဗြိတိန်တို့က ၂၀၀၇ ခုနှစ် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုမှုနဲ့ အမျိုးသားညီလာခံကို ထပ်ဖျက်ဖို့ လုပ်လာပြန်တာပါကလား။ ဘာကြောင့်များ အမျိုးသားညီလာခံကြီး ပျက်စီးအောင် သဲကြီးမဲကြီး လုပ်ကြံဖျက်ဆီးနေကြတာလဲ ဘကြီး။

ဘကြီးစိုး ။ ဘာကြောင့်လဲဆိုတော့ အမျိုးသားညီလာခံကြီးက ချမှတ်အတည်ပြုထားပြီးဖြစ်တဲ့ အခြေခံမူတွေထဲမှာ အမေရိကန်ရဲ့ နိုင်ငံရေးအကျိုးစီးပွား၊ ဒေါ်စုကြည်ရဲ့ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားတွေနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေတဲ့ အခြေခံမူတွေ ပါဝင်နေလို့ပဲကွယ့်။

စိုးမြကျော် ။ သူတို့နဲ့ဘာဆိုင်လို့လဲ ဘကြီးရယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေး အကျိုးစီးပွားအတွက် ကျွန်တော်တို့ တစ်မျိုးသားလုံး နှစ်သက်လက်ခံတဲ့ အခြေခံမူကို ချမှတ်နိုင်ခွင့်ရှိတာပဲ။ ဒါဟာ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု မဟုတ်လား။

ဘကြီးစိုး ။ ဟုတ်တယ်ကွယ့်၊ ဘကြီးတို့ရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအရ ပြဋ္ဌာန်းကျင့်သုံးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သူတို့မလိုလားတဲ့ အခြေခံမူတွေ ပါမလာအောင် တွေ့ဆုံဆွေးနွေးရေးဆိုတာနဲ့ ဗန်းပြပြီး လမ်းလွှဲပေးနေတာပါပဲ။

ကြီးကြီးမြ ။ သူတို့ ဒို့နိုင်ငံလမ်းချော်အောင် လမ်းလွှဲနေပုံက ကြောက်ခမန်းလိလိပဲ မောင်ကျော်ရေ့။ ဟိုတစ်ချိန် ဖဆပလ အစိုးရခေတ်တုန်းက တိုင်းပြည်ချောက်ကမ်းပါးထဲကျဖို့ လက်နှစ်လုံးလောက်ပဲ လိုတော့တယ်ဆိုတဲ့ စကားကြားဖူးတယ် မဟုတ်လား။ အခုဟာက အဲဒီလက်နှစ်လုံးလောက်တောင် အလိုမခံဘဲ ချောက်ထဲလုံးလုံးကျအောင် တွန်းချနေကြတာကွယ့်။

စိုးမြကျော် ။ ဟုတ်လား ဘကြီး၊ ရှင်းပြပေးပါဦး။

ဘကြီးစိုး ။ အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံမူတွေထဲမှာ အမေရိကန်အစိုးရမလိုလားတဲ့ အခြေခံမူတချို့ ပါရှိနေတယ်ကွယ့်။ အဲဒီ အခြေခံမူတွေကတော့ နိုင်ငံခြားရေးနဲ့ စပ်လျဉ်းတဲ့ အခြေခံမူတွေပါပဲ။ ဒီမှာ ဘကြီးဖတ်ပြမယ်။

- **နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။**
- **ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။**
- **နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးကို စောင့်ထိန်းသည်။**
- **နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု။**
- **နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြု**

ဆိုတဲ့ အခြေခံမူတွေပဲ ဖြစ်တယ်။

စိုးမြကျော် ။ အဲ့ဒီအခြေခံမူသုံးခုစလုံးမှာ ကျွန်တော်တို့နိုင်ငံအတွက်ရော၊ ဒေသတွင်း နိုင်ငံတွေအတွက်ရော နိုင်ငံတကာအတွက်ပါ မကောင်းတာ ဘာတစ်ခုမှ မတွေ့ရပါဘူး။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို လိုလားသူတိုင်း လက်ခံရမယ့် အခြေခံမူတွေပဲ မဟုတ်လား။

ကြီးကြီးမြ ။ မောင်ကျော်နှယ် အ,ရန်ကောကွယ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို လိုလားသူတိုင်း လက်ခံရမယ့် အခြေခံမူတွေဖြစ်နေလို့ အမေရိကန်နဲ့ ဗြိတိန်တို့က လက်မခံကြတာပေါ့ကွယ့်။

စိုးမြကျော် ။ ဟုတ်ပါ့မလား ကြီးကြီးရယ်၊ အမေရိကန်နဲ့ဗြိတိန်တို့က ကျွန်တော်တို့နိုင်ငံမှာ ဘယ်တုန်းက သူတို့တပ်စခန်းတွေ ချခွင့် တောင်းခဲ့လို့လဲ။

ကြီးကြီးမြ ။ မင်းနှယ့် ပြောလေ ခက်လေပါလား။ အမေရိကန်က ဒို့နိုင်ငံမှာ တပ်စခန်းချခွင့်တောင်းလား၊ မတောင်းဘူးလား မင်းဘကြီးကိုသာ မေးကြည့်ပေတော့။

ဘကြီးစိုး ။ အမေရိကန်အကြောင်း ပြောရင်း တူဝရီးနှစ်ယောက် အငြင်းပွား၊ အချင်းများနေကြပါဦးမယ်။

စိုးမြကျော် ။ ဟုတ်ကဲ့ပါဘကြီး၊ အမေရိကန်နဲ့ဒေါ်စုကြည်အကြောင်းကို အကျိုးသင့်အကြောင်းသင့် လိုက်လိုက်လျောလျော ပြောနေလို့ကတော့ ဘယ်လိုမှ အကြောင်းထူးလာမှာ မဟုတ်တော့ပါဘူး။ ဒါကြောင့်မို့ ကြီးကြီးဆီက ဇာတိမာန် အသံတွေ ကျွန်တော်တို့ဆီ ပဲ့တင်ထပ်ရိုက်ခတ်လာအောင် ကျွန်တော်မေးနေမိတာပါ။

ကြီးကြီးမြ ။ ကြီးကြီးကလဲ သိပြီးသားပါနော်၊ နောက်နေ့ကျရင် မင်းမလာမှာတောင် တွေးပူနေတာ။

စိုးမြကျော် ။ မလာဘဲ ဘယ်နေပါ့မလဲ၊ ကျွန်တော်က ကြီးကြီးတူပဲ၊ ဟုတ်တယ်နော် ကြီးကြီး။

ဘကြီးစိုး ။ လိုက်လဲလိုက်တဲ့ တူဝရီးပါပဲ။ **“ရဲရေးရောက်သော်၊ ရှုံ့ကြောက်မဲ့တွန်၊ နိုင်ငံ့ဝန်၌၊ ဂုဏ္ဍာန်ယက္ခ၊ နာဂခြသေ့်၊ ရင်ဆိုင်တွေ့လဲ၊ ခွာ၍မစွန့်၊ နောက်မတွန့်ဘဲ”** ဆိုတဲ့ အတိုင်းပါပဲလားဟေ့။

❐ **မြေအောက်နိုင်ငံရေးအင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့တဲ့ တပ်မတော်အစိုးရဟာ မြေပေါ်နိုင်ငံရေးအင်အားစုတွေနဲ့လဲ တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်ခဲ့တယ်။**

❐ **တွေ့ဆုံဆွေးနွေးပွဲအားလုံးဟာ ပြည်ပ ပယောဂမပါလို့ ဒေါ်စုကြည်ရဲ့ ပယောဂမပါလို့ အောင်မြင်မှု အပြည့်အဝရခဲ့တယ်ဆိုတာပါပဲ။**

ရွှေရောင်လွှမ်းသည့် မြန်မာပြည်

❖ မြန်ပြည်တစ်လွှား၊ တိုင်းရင်းသားတို့
မခြားအတူ၊ လက်တွဲကူကာ
ပြည်ရွာနှံ့ပြား၊ မျိုးသားအကျိုး
ထမ်းသယ်ပိုး၍၊ ဖွံ့ဖြိုးအေးချမ်း
ကားလမ်းရထား၊ တံတားကြီးငယ်
သွယ်သွယ်ယှက်ကာ၊ သွားလာကူးသန်း
ရွှေရောင်လွှမ်းသည့် မြန်မာပြည်။

❖ မြန်ပြည်စီးပွား၊ အသားငါးနှင့်
စပါး လက်ဖက်၊ သရက် လိမ္မော်
သစ်တော်စုံစွာ၊ ပဲ ကြံ ဝါ နှမ်း
ရောပြွမ်းဖြစ်ထွန်း၊ ကျွန်းသစ် ရေနံ
ဆည်တမံနှင့်၊ သယံဇာတ
သဘာဝဓာတ်ငွေ့၊ လွှန်ပြည့်ဝသည်
ရွှေရောင်လွှမ်းသည့် မြန်မာပြည်။

❖ မြန်ပြည်နီးနား၊ ဒေသများနှင့်
မြေခြားရေဝေး၊ ဒို့ပြည်ရေးကို
လေးစားနားလည်၊ ပြည်သူတကာ
ငြိမ်းချမ်းစွာအတူ၊ ယှဉ်တွဲကူသည့်
မူကြီးငါးချက်၊ ဘက်မလိုက်သူတို့
မူခြောက်ချက်နှင့်၊ မိတ်မပျက်ရန်
စိတ်ထားမှန်ပေ၊ ဆက်ဆံနေသည်
ရွှေရောင်လွှမ်းသည့် မြန်မာပြည်။

❖ မိမြန်ပြည်တွင်း၊ တိုင်းရင်းသားများ
ပြည်တွင်းအင်အား ပြည့်ခွန်အား။

❖ ဒေသတွင်းမှ၊ ရောင်းရင်းဆွေများ
အမှန်တရားကို လက်ကိုင်ထား။

❖ နိုင်ငံတကာ၊ ဆွေရင်းချာများ
အားပေးကူညီ မေတ္တာပွား။

❖ ဘက်မလိုက်တဲ့၊ အဖွဲ့နိုင်ငံများ
ကမ္ဘာ့ငြိမ်းချမ်းရေးအား တန်ဖိုးထား။

❖ မူမမှန်သည့်၊ သရုပ်သကန်များ
ဖိအားမပေးနဲ့ ဒို့အလေးမထား။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

6-2 (10) 1 2/6/07, 2:14 PM

ဒိုချက်ကင်းဝါးရုံမြေ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းသရုပ်ပြ တောင်သူများ ကုန်ကျစရိတ်သက်သာပြီး စပါးအထွက်တိုးစေမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ထန်းတပင်မြို့အနီး၌ ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကိုကြီးရေတံခါး စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စီမံကိန်းပြီးစီးပါက လယ်မြေဧက ၄၇၀၀ ကို အကျိုးပြုမည့် အခြေအနေတို့ကိုလည်းကောင်း၊ တိုင်းရေ အရင်းအမြစ် အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးလွင်က ကျွန်းငူလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ လယ်မြေများအတွက် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေကိုလည်းကောင်း၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနို့အောင်က မြို့နယ်အတွင်း နွေစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် စိုက်ပျိုးရေရရှိမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက စီမံကိန်း အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန်၊ တောင်သူများအနေဖြင့် အနိမ့်ရေတင်စက်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးကို တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ စီမံကိန်း လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ပြုလုပ်သုံးစွဲ

ဆက်လက်၍ တိုင်းမှူးသည် စီမံကိန်းလုပ်ငန်းခွင်အနီးရှိ လယ်မြေ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒိုချက်ကင်းဝါးရုံမြေသဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း သရုပ်ပြသမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ကုန်ကျစရိတ် သက်သာပြီး စပါးအထွက်တိုးစေသည့် ဒိုချက်ကင်းဝါးရုံမြေသဘာဝမြေဩဇာကို ပြုလုပ်သုံးစွဲကြရန် မှာကြားကာ ဒိုချက်ကင်း သဘာဝမြေဩဇာ ပြုလုပ်ရာတွင် သုံးစွဲရသည့် တင်လဲရည်များကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် လယ်မြေအတွင်း နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှု၊ အနိမ့်ရေတင်စက်ဖြင့် လယ်မြေအတွင်း စိုက်ပျိုးရေပေးသွင်းနေမှုနှင့် ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန၏ ကျွန်းငူလျှပ်စစ် မြစ်ရေတင် စီမံကိန်း ပင်မမြောင်းမကြီးတစ်လျှောက် ရေသွင်း၍ လယ်မြေအတွင်း စိုက်ပျိုးရေ ပေးသွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း တိုးချဲ့ဆောက်လုပ်နေမှုနှင့် လူနာဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းရှိ Computer Application Room၊ Computer Instruction Room၊ Language Lab နှင့် Reading Corner တို့ကို လိုက်လံကြည့်ရှုသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ယင်းနောက် တိုင်းမှူးက မြို့နယ်ပြည်သူ့ဆေးရုံအတွက် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ဆေးပဒေသာပင်အလှူငွေကျပ် ၁၀ သိန်းကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်ဦးထံ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဦးဘကြည်- ဒေါ်အေးမြင့်မိသားစု၊ မြို့နယ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီနှင့်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများက ငွေကျပ် တစ်သိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ဦးက လက်ခံသည်။

ထို့နောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ်ခနဲရိကျေးရွာအုပ်စုကျောင်းကုန်းကျေးရွာရှိ လျှပ်စစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေပေးသွင်းနေမှု၊ တီကောင်စွန့်ပစ် သဘာဝမြေဩဇာနှင့် ဒိုချက်ကင်းဝါးရုံမြေ သဘာဝမြေဩဇာ ပြုလုပ်ပြသထားရှိမှု**(အပေါ်ပုံ)** နွေစပါးခင်းများအတွင်း အနိမ့်ရေတင်စက်၊ ခြေနင်းရေတင်စက်၊ လက်နှိပ်ရေတင်စက်နှင့် ခန္တဲ့တို့ဖြင့် စိုက်ပျိုးရေပေးသွင်းနေမှုတို့ကိုကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား တွေ့ဆုံ၍ အနိမ့်ရေတင်စက်၊ ခြေနင်း ရေတင်စက်နှင့် လက်နှိပ်ရေတင်စက်တို့ကို ကျယ်ကျယ် ပြန့်ပြန့် သုံးစွဲကြရေးမှာကြားကာလိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၄/၁) ရပ်ကွက် ၂လမ်း အမှတ် (၁၀/၁)နေ ဦးတင်မြင့်ဦး (လေယာဉ်အင်ဂျင် နီယာမှူး)-ဒေါ်မိမိခိုင်၊ သမီး-မအေးမြတ်စံနှင့် မထားအိလွင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို မင်းကွန်းအနုနာယကဆရာတော် ဘဒ္ဒန္တ ဝိနယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့အကျိုးပြုလုပ်ငန်းများ အမျိုးသားရေးကိစ္စအနေဖြင့်ဆောင်ရွက် ပြည်တွင်း၊ ပြည်ပ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၃ ရက်က အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာရပ်ကွက် စည်းရုံးရေးမှူးများနှင့်တွေ့ဆုံသည်။ (အောက်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်အုန်းနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများက ဒေသဆိုင်ရာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက တင်ပြချက်အသီးသီးအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီး၏ မွန်မြတ်သန့်စင်သော ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အမျိုးသားရေးကိစ္စအနေဖြင့် ဆောင်ရွက်သွားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ မိမိတို့ရပ်ကွက်၊ ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ပြည်သူများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရေး၊ ပြည်တွင်း ပြည်ပ သတင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသိရှိထားရေး တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် အမရပူရမြို့နယ်ရှိ ရွှေယမင်း ပိုးထည်တိုက်သို့ သွားရောက်ကာ စက်ရက်ကန်း၊ လက်ရက်ကန်းရက်လုပ်မှုနှင့် မြန်မာ့ရိုးရာရက်ကန်းရက်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ ချည်ဆေးဆိုးခြင်းနှင့် နေလှန်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ ရိုးရာမြန်မာ့ ရက်ကန်းက ထုတ်လုပ်သည့် ကြိုးကြိုးချိတ်၊ လွန်းရာကျော်စသည့် အဝတ်အထည်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စုစကျင်ဝရပ်သို့ ရောက်ရှိကာ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် အမရပူရမြို့နယ်ရှိ ဒေါ်စောရှင် ပိုးစစ်လွန်းရာကျော် ချိတ်လုပ်ငန်းသို့ သွားရောက်၍ ထုတ်လုပ်ပြီးမြန်မာ့ရိုးရာအဝတ်အထည်များကိုလည်းကောင်း၊ ရိုးရာရက်ကန်းရက်လုပ်မှု အခြေအနေများကို လည်းကောင်း၊ ရက်လုပ်ပြီး မြန်မာ့ရိုးရာအဝတ်အထည်များ ဖြစ်သော ကြိုးကြိုးချိတ်နှင့် လွန်းရာကျော်အထည်များကို လည်းကောင်း ကြည့်ရှုသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ရွှေဆင်တိုင်း ရက်ကန်းအလုပ်ရုံကို လည်းကောင်း၊ ရွှေနှင်းဆီလက်ရက်ကန်းရုံကို လည်းကောင်း ကြည့်ရှုသည်။

တွေ့ဆုံ

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ဆောင်ရွက်

ရှေးဦးစွာ တိုင်းအသင်းအတွင်းရေးမှူး ဦးတင်မောင်ဦးက တိုင်း၊ခရိုင်နှင့် မြို့နယ်များအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အမျိုးသားရေးကိစ္စအဖြစ် ဆောင်ရွက်သွားရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်သာမဏေ ဓမ္မပီမာန် တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၅

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဒလ-အံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (မဟာသဒ္ဓမ္မဇောတိကဓဇ)က ခန္ဓာဉာဏ်ရောက်ဝိပဿနာအလုပ်ပေးတရားတော်များကို ဖေဖော်ဝါရီ ၈ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီ ခွဲအတွင်း ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်၌ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်လိုသူများ ဖုန်း-၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၃ ရက်က အမှတ် (၁၇) အခြေခံပညာမူလတန်းလွန်ကျောင်း သဃ်န်းကျွန်းမြို့နယ်၌ ကျင်းပသော ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ထူးချွန်ပထမဆုရ မမေမြတ်မွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရှိန် ဆုချီးမြှင့်စဉ်။ (က-ပ)

အနာကြီးရောဂါရှိလျှင် အမ်ဒီတီဆေးသောက်ပျောက် ကျန်းမာရေးဌာနများတွင် အမ်ဒီတီဆေးများ အခမဲ့ရနိုင်

သတင်းမြင်ကွင်း – မြင့်မောင်စိုး၊ ဓာတ်ပုံ – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၅

အနာကြီးရောဂါ ဆိုသည်မှာ ကူးစက်တတ်သော နာတာရှည်ရောဂါတစ်မျိုးဖြစ်ပြီး အနာကြီးရောဂါပိုး (M.Leprae) ဝင်ရောက်ခြင်းကြောင့် အနာကြီးရောဂါဖြစ်ရသည်ဟု ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေး စီမံကိန်းမှ ထုတ်ဝေထားသော **"အနာကြီးရောဂါကင်းဝေးဖို့ ဆွေးနွေးတိုင်ပင်ပြောကြစို့."** ဟူသော ခေါင်းစဉ်ပါ လက်ကမ်းစာစောင်လေးတွင် ဖော်ပြထားသည်။

စတုတ္ထအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ စာတမ်းဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ အိုင်ဘီစီခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်တို့ အနာကြီးရောဂါတိုက်ဖျက်ရေးမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

အသိပညာပေး

အနာကြီးရောဂါ ဖြစ်ရသည့် အကြောင်းအရင်းများတွင် ဝဋ်နာ၊ ကံနာ၊ မျိုးရိုးလိုက်ခြင်း၊ အပျော်အပါး လိုက်စားခြင်း၊ မီးယပ်ကွက်၊ နတ်ကွက်ဖြစ်ခြင်း၊ သမင်သား၊ လိပ်သားစားမိခြင်း၊ မကောင်းသောအရက်များ သောက်မိခြင်းစသော အချက်များကြောင့် မဟုတ်ကြောင်းလည်း ထိုစာစောင်လေးက အသိပညာပေး ဖော်ပြထားသည်။

အနာကြီးရောဂါ ဆက်လက်ကင်းဝေးစေရန်အတွက် လူတိုင်း အနာကြီးရောဂါအကြောင်း သိရှိစေရန် အသိပညာဖြန့်ဖြူးပေးပါ၊ ရောဂါရှိသည်ဟု မသင်္ကာသူတိုင်းကို ရှာဖွေပေးပါ၊ စည်းရုံးပေးပါ၊ ဆေးကုသမှု ခံယူနိုင်အောင် ကျန်းမာရေးဝန်ထမ်းများနှင့် ဆက်သွယ်ပေးပါ ဟူ၍လည်း ၎င်းစာစောင်၌ တိုက်တွန်းထားပြန်သည်။

အနာကြီးရောဂါနှင့် ပတ်သက်၍ အများပြည်သူများအား ကျန်းမာရေးအသိ ဗဟုသုတများသိရှိစေရန်အတွက် မြန်မာ့အလင်း သတင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်က ရန်ကုန်မြို့ ပြည်လမ်း အိုင်ဘီစီ၌ ကျင်းပသော စတုတ္ထအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့ စာတမ်းဖတ်ပွဲသို့ သွားရောက်ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ရှေ့ဦးစွာ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာကျော်မြင့်က "မြန်မာနိုင်ငံအနေဖြင့် ၁၉၈၈ ခုနှစ်တွင် ပြည်နယ်နှင့်တိုင်း ခြောက်ခုရှိ အနာကြီးရောဂါဝေဒနာရှင်များကို အမ်ဒီတီလို့ခေါ်သည့် ဆေးပေါင်းကျွေး ကုသနည်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းတို့မှာ မန္တလေးတိုင်း မတ္တရာမြို့နယ် နံ့သာမြိုင်ရွာ စက်ချုပ်လုပ်ငန်း၊ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မရမ်းချောင်းကျေးရွာ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မြရတနာ၊ မွန်ပြည်နယ် မော်လမြိုင်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် ဟိုခိုက်၊ ညောင်ရွှေမြို့နယ် နမ့်ပန်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်များ ပါဝင်ကြောင်း ပြောကြားသည်။

အခမဲ့တိုက်ကျွေး

ယင်းကဲ့သို့ အမ်ဒီတီ(MDT) ဆေးဝါးများ အနာကြီးရောဂါဝေဒနာရှင်များအား နိုင်ငံတော်အစိုးရက အခမဲ့တိုက်ကျွေးခဲ့သည့် အစီအစဉ်များကြောင့် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်နေ့ တတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေး ညီလာခံကြီးတွင် မြန်မာနိုင်ငံအား အနာကြီးရောဂါကင်းဝေးသည့် နိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ကြောင်း" စီမံချက်မန်နေဂျာ ဒေါက်တာကျော်မြင့်က မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံသည် အနာကြီးရောဂါကင်းဝေးရေး စီမံချက်အတိုင်း တက်တက်ကြွကြွ ဆောင်ရွက်နိုင်၍ ၁၉၈၇ ခုနှစ်က လူ ၁၀၀၀၀ လျှင် ၅၃ ဒသမ လေးဦးနှုန်းရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၀ ဒသမ ၄၈ ဦးနှုန်း လျှော့ချနိုင်ခဲ့ကြောင်း၊ ထို့သို့ လျှော့ချနိုင်ခဲ့မှုကြောင့် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ဖယ်ရှားနိုင်ပြီဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

"အနာကြီးရောဂါတိုက်ဖျက်ရေး စီမံချက် လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်"

အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာကျော်မြင့်။

တစ်ဖန် Family မဂ္ဂဇင်းမှ ကဗျာဆရာ မောင်သွေးသစ်ကလည်း "အနာကြီးရောဂါဝေဒနာရှင်များအား စိတ်ဓာတ်ရေးရာအရ စာကဗျာများဖြင့် ထူထောင်မှုများ ပံ့ပိုးပေးနေကြောင်း၊ ၂၀၀၃ ခုနှစ်မှစ၍ အနာကြီးရောဂါဝေဒနာရှင်များ၏ လူမှုဘဝနှင့် ကျန်းမာရေးအခြေအနေများ တိုးတက်ရေးတို့အတွက် အားတက်သရော ပါဝင်ကူညီပေးခဲ့ကြောင်း၊ အထူးသဖြင့် ၂၀၀၃ ခုနှစ်က မတ္တရာမြို့နယ် နံ့သာမြိုင်ကျေးရွာရှိ အနာကြီးရောဂါ ဝေဒနာရှင်များ၏ ရှင်အပါး ၁၀၀ ရှင်ပြုပွဲတွင် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် ယနေ့အချိန်အခါအထိ အနာကြီးရောဂါတိုက်ဖျက်ရေးဝန်ထမ်းများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းတိုက်ဖျက်လျက်ရှိကြောင်း၊ ထို့အပြင် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ဆက်နွှယ်သော ဝန်ကြီးဌာနများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုပ်ရှင်နှင့် အနုပညာရှင်များနှင့် မီဒီယာများကလည်း အနာကြီးရောဂါတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပျောက်ကင်း

အနာကြီးရောဂါ ပျောက်ကင်းစေသည့် အမ်ဒီတီ(M.D.T)ဆေးဝါးကို အနာကြီးရောဂါ ဝေဒနာရှင်များအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနတိုင်းတွင် အခမဲ့ရရှိနိုင်ကြောင်း သိရသည်။ ယခုအခါ ယင်းအမ်ဒီတီဆေးဝါးကြောင့် အနာကြီးရောဂါ ပျောက်ကင်းသူပေါင်း နှစ်သိန်းခြောက်သောင်းကျော်ရှိသွားပြီ ဖြစ်သည်။

ယင်းတို့အနက် အချို့မှာ ကိုယ်အင်္ဂါချို့ယွင်းသူများ ပါဝင်ကြောင်း၊ ယင်းတို့ကို ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေးနှင့် စိတ်ပိုင်းဆိုင်ရာများ ဆက်လက် တိုးတက်စေရန်အတွက် ထူထောင်ပေးရေး လုပ်ငန်းများလည်း ကျန်းမာရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေရာမရွေးဖြစ်ပေါ်

အနာကြီးရောဂါဖြစ်ခါစလက္ခဏာများကိုလည်း သိရှိထားရန် အထူးလိုအပ်သည်။ အရောင်ဖျော့သော၊ နီသော၊ ကြေးနီရောင်ပေါ်နေသော အကွက်များတွင် ယားယံမှုမရှိခြင်း၊ နာကျင်မှုမရှိခြင်း၊ ပူခြင်း၊ အေးခြင်း၊ နာကျင်ခြင်း၊ ထိခြင်းကို မသိခြင်း၊ အရေပြား မည်သည့်နေရာတွင်မဆို နေရာမရွေး ဖြစ်ပေါ်လာနိုင်ခြင်းတို့ ဖြစ်သည်။

ထို့ပြင် မသင်္ကာဖွယ်ရာလက္ခဏာများ တွေ့ရှိပါက **"မရှက်မကြောက်ရန် ရှင်းပြပါ၊ ဆေးကုသ၍ ပျောက်ကင်းကြောင်း ပြောပြပါ၊ အလွယ်တကူနှင့် အခမဲ့ဆေးကုသနိုင်ကြောင်း ပြောပြပါ၊ ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ဆက်သွယ်ကုသပါ"** ဟူ၍လည်း ကျန်းမာရေး လက်ကမ်းစာစောင်လေးတွင် ဖော်ပြထားသည်။

ထို့ကြောင့် အနာကြီးရောဂါသည် ကုသ၍ ပျောက်ကင်းသည့် ရောဂါအမျိုးအစားဖြစ်၍ အရှက်ကြောင့် ဖုံးကွယ်ထားခြင်းမပြုဘဲ သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများတွင် အမ်ဒီတီဆေးဝါးများ အခမဲ့သောက်သုံးနိုင်ကြပြီဖြစ်သည်။

မိမိတို့၏ ဒေသအသီးသီးတွင် အနာကြီးရောဂါ ဝေဒနာရှင်များရှိပါက စည်းရုံး တိုက်တွန်းခြင်းဖြင့် လည်းကောင်း၊ အသိပညာဖြန့်ဖြူးပေးခြင်းဖြင့်လည်းကောင်း **"အနာကြီးရောဂါ ကင်းဝေးဖို့ ဆွေးနွေးတိုင်ပင် ပြောကြစို့."** ဟူ၍ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

"အနာကြီးရောဂါ တိုက်ဖျက်ရေး စီမံချက်တွင် ကဗျာများ ရေးသား၍ အနာကြီးရောဂါဝေဒနာရှင်များအား စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ထူထောင်ပေးရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနေပါတယ်"

ကဗျာဆရာ မောင်သွေးသစ်

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

ဂျာမနီနိုင်ငံမြောက်ပိုင်း ဆစ်တန်ဆင်မြို့ရှိ တရုတ်စားသောက်ဆိုင်တစ်ဆိုင်၌ လူသေအလောင်း ခြောက်လောင်းတွေ့ရှိခဲ့ရာ အမျိုးသား သုံးဦးနှင့် အမျိုးသမီးသုံးဦး ပါဝင်ကြောင်း၊ ယင်းတို့မှာ သေနတ်ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်ကို ဖေဖော်ဝါရီ ၅ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

အမေရိကန်သမ္မတဂျော့ဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့သည် ကလေးများကို သတ်ဖြတ်နေကြသည့် စစ်ရာဇဝတ်ကောင်များသာဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က ကွာလာလမ်ပူ၌ကျင်းပသော စစ်ဆန့်ကျင်ရေးကွန်ဖရင့်၌ ပြောကြားလိုက်ကြောင်း ဖေဖော်ဝါရီ ၅ ရက်က အင်တာနက်တွင် သတင်းဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံမှ အကြီးဆုံးကုမ္ပဏီကြီးဖြစ်သော ဟွန်ဒိုင်းမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ချန်မောင်ကိုး (၆၈)နှစ်အား နိုင်ငံရေးကိစ္စများတွင် ပါဝင်ပတ်သက်မှုဖြင့် ထောင်ဒဏ်သုံးနှစ် စီရင်ချက်ချလိုက်ကြောင်း ဖေဖော်ဝါရီ ၅ ရက်က အင်တာနက်၌ ဖော်ပြသည်။

အာရပ်အဖွဲ့ချုပ်မှ အီရတ်နိုင်ငံသို့ ရှီးယား၊ ဆွန်နီနှင့် ကာ့ဒ် ခေါင်းဆောင်များ ငြိမ်းချမ်းရေးတိုးတက်စေရန် စေလွှတ်ခဲ့သော ငြိမ်းချမ်းရေး သံတမန် မော့ခါတာလာမနီဆိုသူသည် ငြိမ်းချမ်းရေးတိုးတက်အောင် မဆောင်ရွက်နိုင်၍ ရာထူးမှ နုတ်ထွက်သွားခဲ့ကြောင်း ဖေဖော်ဝါရီ ၅ ရက်က အင်တာနက်တွင် ဖော်ပြသည်။

ဆိုမာလီနိုင်ငံ၏ မြို့တော် မိုဂါဒစ်ရှူးဆိပ်ကမ်းမြို့သို့ လက်နက်ကိုင်သေနတ်သမားများက မော်တာဖြင့် ငါးကြိမ်ပစ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်ကို ဖေဖော်ဝါရီ ၅ ရက်က သတင်းဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံ မြစ်ဝဒေသရှိ တရုတ်ရေနံကုမ္ပဏီ၌ အလုပ်လုပ်နေသော တရုတ်နိုင်ငံသား ကိုးဦးအား သေနတ်သမားများက ပြန်ပေးဆွဲသွားပြီး ၁၁ ရက်အကြာ ပြန်လွှတ်ပေးလိုက်ကြောင်း ဖေဖော်ဝါရီ ၄ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။ **(အင်တာနက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၂–၂၀၀၇ ရက် (အင်္ဂါနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ အသေလှလှတဲ့ တရားတော် (အပိုင်း–၂) (အရှင်ဆန္ဒာဓိက)
- ၈:၁၀ Music Gallery (ရှင်ဖုန်း–ရင်ခုန်မိသူ စီးရီးအကြောင်း)
- ၈:၃၅ ဘုရားဖူးကာ လေ့လာ ကုသိုလ်တော်ယူမှာ
- ၈:၅၀ ဂုဏ်ယူစရာလက်မှုအတတ်ပညာ
- ၉:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၁၀ တေးဂီတအစီအစဉ်
- ၉:၁၅ ၂၀၀၈ ခုနှစ် ဘောလုံးအိုလံပစ် ဘောလုံးခြေစစ်ပွဲ မြန်မာအသင်း လေ့ကျင့်ပြင်ဆင်မှုများ
- ၉:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၃၅ ကချင်ရိုးရာဝတ်စားဆင်ယင်မှု
- ၉:၄၀ တေးဂီတအစီအစဉ်
- ၉:၅၅ Sunday Talk
- ၁၀:၂၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၀ လက်ဖက်စိုက်တဲ့ရွာကလေး
- ၁၀:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ ကာကွယ်ကယ်ဆယ် မီးဘေးအန္တရာယ် (အပိုင်း–၂)
- ၁၁:၂၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၄၅ ကောင်းခြင်းဝေဖြာ (ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်စေရာထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်နှင်းဝိုင်း၊ အေး၊ ချစ်စန်းဦး)(ဒါရိုက်တာ–ကိုအောင်မိုး(ပဲခူး))
- ၁၂:၀၅ အောင်မြင်မှုရှင်မိန်းမောင်နှင့် ဘဝတွင် (စိုးလှိုင်ဦး–ရတနာခင်)
- ၁၂:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၂၅ ဘောမိုဇာတိုလေးလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
- ၁၂:၃၅ တေးဂီတအစီအစဉ်
- ၁၂:၄၀ ခဲမဟုတ်တဲ့ခဲတံ
- ၁၃:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီအစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် ထပ်ကြိမ်ဆက်တိုက် ၂၄နာရီပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

International Friendly England U 21 ဘောလုံးပွဲစဉ်

ညပိုင်းပွဲစဉ်	ပြသမည့်လိုင်း
၂၂:၂၅ England-Spain	5-Sports (Live)

ပြည်နယ်နှင့်တိုင်းဒေသအချို့၌ အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၅

မြန်မာ့စံတော်ချိန် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့မွန်းလွဲ နောက် ၄၈နာရီအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)

မြန်မာ-ကိုရီးယားချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဂိုးမရှိသရေကျ စီးပွား/ကူးသန်းနှင့် အူလ်ဆန်တက္ကသိုလ် ယနေ့ယှဉ်ပြိုင်မည်

သတင်းမြင်ကွင်း-ကိုထွေး၊ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရေး အစီအစဉ်အရ မြန်မာနိုင်ငံမှ ဘဏ္ဍာ/အခွန် ဘောလုံးအသင်းနှင့် ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်

ဘဏ္ဍာ/အခွန်အသင်းမှ အကြံပေး ဦးခင်မောင်ကြိုင်က ပြိုင်ပွဲနှင့်ပတ်သက်၍ မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

တက္ကသိုလ်(Universtry of Ulsan Fc) ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ ဂိုးမရှိသရေပွဲ ဖြစ်သွားသည်။

တစ်ဂိုးနစ်နာ

ပွဲအစပိုင်း၌ နှစ်သင်းစလုံး အခြေအနေကြည့်ကစား၍ ပွဲအေးနေသော်လည်း ပွဲရှိန်ရလာသည်နှင့်အမျှ သူတင်ကိုယ်တင် ကစား၍ အကြိတ်အနယ်ရှိခဲ့သည်။ ပွဲစပြီး ၄မိနစ်အကြာတွင် ဘဏ္ဍာ/အခွန်အသင်းမှ ရန်ပိုင်အမြောက်ချပေးသည့် ဘောလုံးကို ဖော်ထိုက် လွတ်လွတ်ကျွတ်ကျွတ်ဆွဲယူသွားပြီး ကန်သွင်းရာ အူလ်ဆန်တက္ကသိုလ်ဂိုးသမား ရှေ့ထွက်ကာကွယ်၍ သေချာပေါက်တစ်ဂိုး နစ်နာခဲ့ရသည်။ အူလ်ဆန်တက္ကသိုလ်အသင်းက လူကောင်ထွားကျိုင်းပြီး အရပ်မြင့်မားကြ၍ တစ်ဦးချင်း ဘောလုံးယှဉ်လုသည့်အခါ ဘဏ္ဍာ/အခွန်အသင်း ဘောလုံးဆုံးရှုံးမှုများခဲ့သည်။

အူလ်ဆန်တက္ကသိုလ် အသင်းက အဝေးပေး အမြင့်ဘောများ အားပြု၍ ဘယ်ညာပြောင်းကစားရာ ဘဏ္ဍာ/အခွန်အသင်းက ၄-၅-၁ပုံစံဖြင့် ပိတ်ဆို့ကစားခဲ့ရသည်။ ဘဏ္ဍာ/အခွန်အသင်းရှေ့တန်း၌ ဖော်ထိုက်တစ်ဦးတည်းသာ အထောင်ထားပြီး ခံစစ်အသွင်ဖြင့်ကစားပြီး အခြေအနေပေးမှသာ တန်ပြန်တိုက်စစ်ဆင်နိုင်ခဲ့သည်။ ပထမ ပိုင်း ၃၂မိနစ်တွင် အူလ်ဆန်တက္ကသိုလ်အသင်းမှ တိုက်စစ်မှူးနှင့် ဘဏ္ဍာ/အခွန် ဂိုးသမား ဖော်မျိုးလတ်တို့ တစ်ဦးချင်းရင်ဆိုင်တွေ့ရာ ဂိုးသမားကိုကျော်၍ ကန်သွင်းသည့်ဘောလုံး ဂိုးတိုင်ဘေးမှ မဆိုသလောက်ကပ်လွဲသွား၍ တစ်ဂိုးသက်သာခဲ့ရသည်။ ဘဏ္ဍာ/အခွန်အသင်းက ခြေမပေါ်သည့် ဘယ်နောက်ခံလူ နီမောင်မောင်အောင်အစား အောင်ထွန်းလင်းကို လူစားလဲကစားသည်။

ကစားအားမြှင့်

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ လူစားလဲလှယ်၍

ဘဏ္ဍာ/အခွန်အသင်းမှ ရှေ့တန်းတိုက်စစ်မှူးများ အူလ်ဆန်တက္ကသိုလ်အသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကစားအားမြှင့်တင်ခဲ့ရာ အကြိတ်အနယ်ပိုရှိလာပြီး ပရိသတ်အကြိုက်တွေ့ခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းက ထွန်းထွန်းဝင်းအစား သိန်းထွန်းဝင်းကို ဒုတိယပိုင်း အစမှာပင် လူစားသွင်းခဲ့သည်။ လူစားဝင်လာသည့် သိန်းထွန်းဝင်း အူလ်ဆန်အသင်း ဂိုးဧရိယာအတွင်းမှ ခေါင်းတိုက်သွင်းရာ တိုက်ချက် မှန်သော်လည်း ဂိုးတိုင်ဘေးမှ ကပ် ထွက်သွား၍ ဟာခနဲ ဟင်ခနဲ ဖြစ်ခဲ့ရသည်။

ခြေရည်တူကစား

ဒုတိယပိုင်း၌ အူလ်ဆန်တက္ကသိုလ်အသင်း ပိုမိုဖိကစားနိုင်ပြီး ဂိုးသွင်းခွင့်များရသော်လည်း အဆုံးသတ်မပိုင်နိုင်ခြင်းနှင့် ဘဏ္ဍာ/အခွန်နောက်ခံလူများ ပိတ်ဆို့ကာကွယ်နိုင်မှုကြောင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းက လူငယ်များကို လူစားလဲကစားသော်လည်း အသင်းပုံပျက်မသွားဘဲ အူလ်ဆန်တက္ကသိုလ်အသင်းကို ခြေရည်တူ ကစားနိုင်ခဲ့သည်။

အူလ်ဆန်တက္ကသိုလ် အသင်းက ကစားသမား ငါးဦး လဲကစားသွားသည်။ ဘဏ္ဍာ/အခွန်အသင်းမှ ဖော်ထိုက်အဝါကတ်ပြခံရသည်။ ယနေ့ပွဲစဉ်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး ဦးဝင်းချိုက ဆောင်ရွက်ခဲ့သည်။

ပါဝင်ကစား

ဘဏ္ဍာ/အခွန်အသင်းတွင် **(ဂိုး)** ဖော်မျိုးထက်၊ **(နောက်တန်း)** မိုးကျော်သူ၊ သူရအောင်၊ နီမောင်မောင်အောင် (အောင်ထွန်းလင်း)၊ **(အလယ်တန်း)** အသင်းခေါင်းဆောင်လွင်ဦး (ဖော်မင်းဦး)၊ ကျော်သူရ (ပိုင်စိုး)၊ ရန်ပိုင် (ကျော်ကျော်စိုး)၊ အောင်ကျော်မိုး (မြင့်နိုင်)၊ ထွန်းထွန်းဝင်း (သိန်းထွန်းဝင်း)၊ **(ရှေ့တန်း)**ဖော်ထိုက် (ကျော်ကျော်ခိုင်)တို့ ပါဝင်ကစားခဲ့ကြသည်။

အတွေ့အကြုံရရှိရေး

ခြေစမ်းပွဲအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ရှေးဦးစွာ အကြံပေးဖြစ်သူ ဦးခင်မောင်ကြိုင်အား မေးမြန်းရာ "ယနေ့ကစားသွားသည့် အူလ်ဆန်တက္ကသိုလ်အသင်းမှာ ယခင်က လာရောက်ခြေစမ်းကြသည့် ကိုရီးယားအသင်းများလောက် မကောင်းပါကြောင်း၊ သူတို့၏ အားသာချက်မှာ ဘောလုံးကို Side Change ကစားပုံကောင်းကြောင်း၊ မိမိတို့အနေဖြင့် အနိုင်အရှုံးရလဒ်ကို အဓိကမထားဘဲ လူငယ်များ အတွေ့အကြုံရရှိရေးကိုသာ ဦးစားပေးပါကြောင်း၊ သို့သော်လည်း ဂိုးပြတ်ရှုံးပြီး သိက္ခာကျရသည့် အဖြစ်မျိုး မဖြစ်ရအောင် ပထမပိုင်း၌ လူဟောင်းများကို အခြေခံပွဲထုတ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ လူငယ်များ နိုင်ငံတကာပွဲ ကစားခွင့် ရသည်မှာ အမြတ်ပဲဖြစ်ကြောင်း၊ မျိုးလှိုင်ဝင်းနှင့် အောင်ကျော်မြင့်တို့ လေ့ကျင့်ချိန် နည်းပြီး ကိုယ်အလေးချိန်တက်နေ၍ ထည့်မသုံးခြင်းဖြစ်ကြောင်း" ပြောကြားသည်။

စမ်းသပ်ပွဲထုတ်

အုပ်ချုပ်သူဦးသန့်ဇင်ဝင်းကလည်း "ပထမပိုင်း၌ မိမိရဲ့အသင်းကို သမ္မာရင့်သည့် ကစားသမားများဖြင့် အခြေခံပွဲထုတ်ခဲ့ပါကြောင်း၊ ဒုတိယပိုင်း၌ ပွဲအခြေအနေအရ လူငယ်သွေးသစ်များကို စမ်းသပ်ပွဲထုတ်ခဲ့ကြောင်း၊ မိမိရဲ့ကလေးများ နိုင်ငံတကာ ခြေစမ်းပွဲ ကစားရ၍ အကျိုးရှိပါကြောင်း၊ အူလ်ဆန်တက္ကသိုလ်အသင်းက ဘောလုံးအခြေခံကောင်းသော်လည်း အတွေ့အကြုံပိုင်း လိုနေသေးကြောင်း၊ ယနေ့ပွဲရလဒ်မှာ နှစ်သင်းစလုံးအတွက် မျှတပါကြောင်း" ပြောကြားသည်။

ဒုတိယပွဲစဉ်

ဖေဖော်ဝါရီ ၆ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြန်မာ-ကိုရီးယားချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် မြန်မာနိုင်ငံမှ စီးပွား/ကူးသန်းအသင်းနှင့် ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

စီးပွား/ကူးသန်း ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးနီပေါ (အင်ဂျင်နီယာချုပ်)၊ အတွင်းရေးမှူးအဖြစ် ဦးစန်းထွန်း(ဒုတိယအထွေထွေမန်နေဂျာ)၊ အုပ်ချုပ်သူအဖြစ် ဦးမြင့်သိန်း(လက်ထောက်မန်နေဂျာ)၊ နည်းပြချုပ်အဖြစ် ဦးညဏ်ဝင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်နိုင်၊ ဦးတင်လှိုင်နှင့် ဦးမျိုးထွန်းတို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

ပါဝင်ကြ

အားကစားသမားများအဖြစ်တင်ယု (ဂိုး)၊ သီဟစည်သူ(ဂိုး)၊ စိုးပိုင်ဖြိုး (ဂိုး)၊ မင်းသူ (အသင်းခေါင်းဆောင်)၊ ဖော်လင်းထွန်း၊ မျိုးဇော်ဦး၊ ကျော်ကျော်ထွန်း၊ အောင်ရဲထွဋ်၊ စထက်နိုင်ဝင်း၊ ဟိန်းဇာထွန်း၊ ကျော်ဇင်ဝင်း၊ မျိုးလှိုင်ဦး၊ မန်းကျော်ထူး၊ ဝင်းသိန်းဦး၊ ချမ်းချမ်း၊ ဇော်ခါး၊ ကျော်ဝင်းနိုင်၊ နိုင်ဝင်း၊ အောင်အောင်ဟိန်း၊ ဇော်ဇော်အောင်၊ မင်းကိုကို၊ ကျော်ဇေယျ၊ ဘိုဘိုအောင်တို့ပါဝင်ကြသည်။

စီးပွား/ကူးသန်းအသင်းမှ ဇော်မိုးထက်(ဂိုး)၊ သီဟစည်သူ(ဂိုး)၊ မျိုးဇော်ထွန်း၊ ကျော်ကျော်ထွန်းနှင့် ဘိုဘိုအောင်တို့ ထိခိုက်ဒဏ်ရာ ရရှိထားကြ၍ ပါဝင်ရန် မသေချာဟု သိရသည်။ မြန်မာ ယူ(၂၃)အသင်း၌ ပါဝင်နေသော စီးပွား/ကူးသန်းအသင်းမှ မိုးဝင်း၊ အောင်မျိုးသန့်၊ မျိုးမင်းထွန်းနှင့် ရာဇာဝင်းသိန်းတို့ကို ထည့်သွင်းကစားခွင့်ရမည် မဟုတ်၍ အရန်ကစားသမားအချို့နှင့် ပွဲထွက်ဖွယ်ရှိသည်။ စီးပွား/ကူးသန်းအသင်းသည် အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲ(မြန်မာလိဂ်)၌ ၁၀ပွဲကစား အမှတ် ၂၀ဖြင့် တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

ခံစစ်ဦးစားပေး

စီးပွား/ကူးသန်းအသင်း အုပ်ချုပ်သူ ဦးမြင့်သိန်းက "အူလ်ဆန်တက္ကသိုလ်အသင်းသည် ယနေ့ပွဲစဉ်၌ ခြေကုန် ညှစ်ထုတ် ကစားသည်ကို သိပ်မတွေ့ရကြောင်း၊ မိမိတို့နှင့် ကစားမည့် ဒုတိယပွဲစဉ်၌ ယခုထက်ပို၍ ဖွင့်ကစားမည့် အနေအထားမျိုး တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် မင်းသူ၊ ဖော်လင်းထွန်းနှင့် ကျော်ဇင်ဝင်းတို့ကိုတည်ပြီး လူငယ်များနှင့် ရံကစားမည်ဖြစ်ကြောင်း၊ ရာသီဥတု အနေအထားအရ မိမိတို့ဘက်က အားသာချက်ရှိကြောင်း၊ ဘဏ္ဍာ/အခွန်အသင်း ယနေ့ပွဲ၌ ခံစစ်ဦးစားပေး ကစားသွားသည်မှာ မှန်ပါကြောင်း၊ မည်သည့်အသင်းမဆို မိမိတို့အသင်း၏ နောက်တန်းလုံအောင် လုပ်ပြီးမှသာ ဂိုးရအောင် တိုက်စစ်ဆင် ထိုးဖောက်ရမည်ဖြစ်ကြောင်း" ပွဲကြိုပြောကြားသည်။

ခြေကုန်ထုတ်

အူလ်ဆန်တက္ကသိုလ်အသင်းသည် အားကစားသမား ၂၆ဦး ပါဝင်လာသည်ဖြစ်၍ နှစ်ရက်ဆက်တိုက်ကစားရသော်လည်း ပွဲပန်းသည့်ဒဏ်ကို ခံရဖွယ်မရှိချေ။ စီးပွား/ကူးသန်းအသင်း အနေဖြင့် လူမစုံသော်လည်း ဘဏ္ဍာ/အခွန်အသင်း သရေကစားထားသည့် အူလ်ဆန်တက္ကသိုလ်အသင်းကို ရှိသည့်အားဖြင့် ခြေကုန်ထုတ်ပြီး အနိုင်ကစားမည်လားဆိုသည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်ကြရမည် ဖြစ်ပါကြောင်း သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဘဏ္ဍာ/အခွန်အသင်းနှင့် အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းတို့ ပြိုင်ပွဲ မစမီ ဤသို့ တွေ့ရသည်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၆-၂-၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် (မေတ္တသုတ်)
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၆။	ကဗျာပန်းဥယျာဉ်
၈း၀၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၁၀	၈။	အတီးပြိုင်ပွဲ
၈း၂၀	၉။	နှစ်(၆၀)ပြည့်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go.(Episode-9)
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၆း၄၀	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၆း၅၅	၅။	နှစ်(၆၀)ပြည့်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၀၅	၆။	**"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
၁၇း၁၀	၇။	နှစ်(၆၀)ပြည့်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၂၀	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၇း၄၅	၉။	စတုတ္ထအကြိမ်မြောက် အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ်နေ့
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၄၉)
၁၈း၅၀	၁၃။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၉း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း-၁၄)
၁၉း၄၅	၁၅။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၂၂)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

သိဒ္ဓိတင်ပွဲတော်နှင့် ရေစင်သွန်းလောင်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော စရီမဟာကာလီယမ္မာန်ဘုရားကျောင်း၏ (၁)နှစ်ပြည့် မဟာသိဒ္ဓိတင်ပွဲတော်နှင့် ရေစင်သွန်းလောင်းပွဲကို ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက် (ဖေဖော်ဝါရီ၇ရက်)တွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညို ဖူးမြော်ကြရန် ဖိတ်ကြားထားသည်။ **(က-ပ)**

ဝမ်းမြောက်စွာချီးကျူးဂုဏ်ပြုခြင်း

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး **ဦးမျိုးသန့်(စာရေးဆရာ မောင်မိုးယံ)** သည် ၃၀-၁-၂၀၀၇ရက်တွင် ၂၀၀၅ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင်အခမ်းအနား၌ အမျိုးသားစာပေဆုအား နိုင်ငံတော်က ချီးမြှင့်ခဲ့သည့်အတွက် လှိုက်လှဲဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

အမည်ပြောင်း

အဖ ဦးကြီးစိန်၏သား ကမာရွတ်မြို့နယ် TTC, Grade-4 (M) ခန်းမှ မောင်အာကာဦးအား ယနေ့မှစ၍ မောင်အောင်ကျော်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်အောင်ကျော်ဟိန်း။



ကျေးဇူးဆပ်ပါမည် ကျွန်တော်၏ နိုင်ငံကူးလက်မှတ် PP-165551 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
မောင်မောင်လွင် ဖုန်း-၃၇၃၉၂၀။

အမွေပြတ်စွန့်လွှတ်ခြင်း ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ မြိုင်တန်းသာလမ်း၊ အမှတ် ၁၄၅နေ ဦးအောင်ကျော်မြင့်-ဒေါ်ကြည်ကြည်လှတို့၏သမီး မစုလှပုလဲဖြူ ၁၂/ဥကတ (နိုင်)၁၄၃၄၀၉ သည် မိဘများကို စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိသားစုသိက္ခာကျအောင် ပြုမူခြင်းများပြုလုပ်သည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းကြေညာအပ်ပါသည်။ **ဦးအောင်ကျော်မြင့် HZA-၂၁၀၉၉၈**
ဒေါ်ကြည်ကြည်လှ MKA-၀၄၆၈၄၀။





ကျေးဇူးဆပ်ပါမည်

ဘဒ္ဒန္တပဏ္ဍိစ္စသာရ ၁၃/တကန(သ)၀၀၀၅၈၂ ပိုင်ယာဉ်အမှတ် ၈/၆၂၂၃ ၏ အခွန်ပုံစံ(၁)အစိမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
ဖုန်း-၆၅၁၀၆၄။

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။



ကျိုက်ထီးရိုးရင်ပြင်တော် ဈေးသူဈေးသားများ၏ (၁၂)ကြိမ်မြောက် စုပေါင်းမဟာဒုက်မဲကံစမ်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

မွန်ပြည်နယ်ကျိုက်ထိုမြို့နယ်ဆံတော်ရှင် ကျိုက်ထီးရိုးရင်ပြင်တော် ဈေးသူ ဈေးသားများ၏ (၁၂)ကြိမ်မြောက် စုပေါင်းမဟာဒုက်ဘုရားမဲနှင့် ဒုလ္လဘရဟန်းမဲ ကံစမ်းပွဲများကို ဖေဖော်ဝါရီ၁ရက် ည၇နာရီက ရင်ပြင်တော် ကျင်းပရေးမဏ္ဍပ်၌ကျင်းပသည်။ အခမ်းအနားသို့ ကျိုက်ထီးရိုးကျောင်းနာယကဆရာတော် ဘဒ္ဒန္တနန္ဒိယ အမှူးပြုသော ဂေါပကအဖွဲ့ဝင်နာယကများ၊ကျင်းပရေးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ဘုရားဖူးပရိသတ်များ တက်ရောက်ကြသည်။

မဲပေါက်သူများ

မဟာဒုက်ဘုရားမဲ သုံးဆူကံစမ်းမဲပေါက်သူများမှာ တောင်တက်မော်တော်ယာဉ်လိုင်းမှ ၂၈/၉၃၄၃(မဲနံပါတ် ၅၉၃၀)၊ ဦးကျော်စိုး-မဆွေဆွေ ရေကျော် ပုဇွန်တောင်မြို့နယ်(မဲနံပါတ် ၃၇၆၇)၊ ဦးအောင်ဝင်း-ဒေါ်မူမူ လယ်ဝေးမြို့နယ် (မဲနံပါတ် ၄၇၃၉)တို့ကံထူးရှင်များဖြစ်ကြပြီး ဒုလ္လဘရဟန်းမဲ ကံထူးရှင်များမှာ(၃၄၂၄) ဒေါ်ကြည်စန်း ကျိုက်ထိုမြို့၊ (၄၀၁၀) ဦးဖိုးရှမ်း ကျီးပါးစပ်လမ်း၊ (၇၂၅၄) ဆည်းလည်းအဖွဲ့ ရင်ပြင်တော်၊ (၆၃၀၆) ဦးအောင်ခင် ဥက္ကဋ္ဌ ဂေါပကရုံး၊ (၁၉၆၀)ဦးအေးကျော် ဟသ်ာတမြို့၊ (၄၇၃၅) ဦးဝင်းရွှေ ရွှေပြည်သာ၊ (၇၃၃၅) ဦးဇော်မင်း (တိုးတိုးလွင် စောင်ခေါင်းအုံးဆိုင်)၊ (၁၃၄၂) ဦးလှမြိုင် မရမ်းကုန်းမြို့နယ်၊ (၅၁၄၉) ဦးကြည်လွင် ၅၂လမ်း ပုဇွန်တောင်၊ (၂၀၂၅) ဦးလှမျိုးမြင့် ၃၂လမ်း လသာ၊ (၅၁၉၄)ဦးကြည်စိုး ဖျာပုံမြို့နယ်၊ (၁၃၅၀)ဦးကိုနိုင် တိုက်ကြီးမြို့၊ (၃၂၀၀) ဦးတင်အောင် ခိုင်စာပေ ရင်ပြင်တော်၊ (၄၃၂၂) မဝင့်ဝါအောင် ရင်ပြင်တော်ဈေး၊(၁၄၆၀) ဦးကျော်တင့် မြို့ဟောင်းမြို့၊ (၅၃၅၆) ဦးထွန်းထွန်း လသာမြို့နယ်၊ (၁၂၂၄) ဦးသန်းနိုင် (ဝင်းနိဗ္ဗာန်ကုန်ဆိုင်)ရင်ပြင်တော်၊ (၃၄၉၈)ဦးကျော်အောင် အနောက်ကြို့ကုန်း၊ (၂၁၉၆) မခင်မြင့်မြတ် သိမ်ကြီးဈေး (ဘီ)ရုံ၊ (၁၇၃၉) ဒေါ်သိန်းမြ အလုံမြို့နယ်၊(၆၀၀၄) မကျော့ကျော့မောင် မန္တလေးမြို့၊ (၂၅၃၇) ပြည့်စုံဝင်းနိုင်ကုမ္ပဏီ မိသားစု ရန်ကုန်၊ (၄၄၁၇) ဦးစိုးသိန်း၊ (၆၀၂) အမြောက်တပ်ရင်း ကျိုက်ထို၊ (၇၄၉၉) ဦးမြင့်ဦး မြတ်ထိပ်စံ စားသောက်ဆိုင် ရင်ပြင်တော်၊ (၂၀၉၆) ဒေါ်ခင်ခင်သိန်း အရှေ့ရန်ကင်း ရန်ကုန်တို့ဖြစ်ကြသည်။

ရေစက်ချပွဲ

ဒုလ္လဘရဟန်းမဲ ပေါက်သူ ၂၅ဦးတို့သည် ဖေဖော်ဝါရီ ၁၂ ရက်နှင့်ဘုရားမဲပေါက်သူ သုံးဦးသည် ဖေဖော်ဝါရီ ၁၄ရက်တွင် ရင်ပြင်တော်ကြို့ဆိုရေးမဏ္ဍပ်သို့ ဆက်သွယ် သတင်းပို့ရမည်ဖြစ်သည်။ လှူဒါန်းမှု အစုစုအတွက် ဖေဖော်ဝါရီ၁၅ရက်တွင် ရေစက်ချတရားတော်နာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မီး
သတိပြု

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ သက်ငယ်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်တွင် ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအမျိုးသမီးရေးရာသက်ငယ်အဖွဲ့ဝင်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးလေ့လာရေးခရီးထွက်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် ဆရာမကြီး ဒေါက်တာမတင်ဝင်းတို့ဦးဆောင်သော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင် ၇၀တို့သည် “ရွှေတိဂုံထီးတော်ရိပ်မှ မြန်မာနိုင်ငံ”ခေါင်းစဉ်ဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး လေ့လာရေးခရီးအဖြစ် ယနေ့နံနက် ၆နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီးရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိလေ့လာကြသည်။

ရှေးဦးစွာ ရန်ကုန် တပ်နယ်မှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးစိုးမင်းဆွေက သူရဲကောင်းစစ်သည်ဗိမာန် တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်နှင့် သူရဲကောင်းစစ်သည် ဗိမာန်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆရာမကြီး ဒေါက်တာမတင်ဝင်းက မှန်ကန်စွာအလေးပြုပုံ နည်းစနစ်ကို ရှင်းလင်းပြသခဲ့ပြီး လေ့လာရေးအဖွဲ့ဝင်များက ဂုဏ်ပြုပန်းခြင်းများဖြင့် ဦးညွှတ်အလေးပြုကြသည်။

ရည်ရွယ်

ထို့နောက် ဆရာမကြီး ဒေါက်တာမတင်ဝင်းက ယခုလိုလေ့လာရေးခရီးထွက်ရခြင်းသည် ပတ်ဝန်းကျင်ကို ခံစားနိုင်ရန်နှင့် လူငယ်များ၏စိတ်ထဲ၌ မျိုးချစ်စိတ်ဓာတ် ကိန်းအောင်းလာစေရန်၊ ဖူးပွင့်လာစေရန်၊ ရှိနှင့်ပြီးသား မျိုးချစ်စိတ်ဓာတ်ကိုလည်းနိုးဆော်ပေးရန်ဆိုသည့်ရည်ရွယ်ချက်များဖြင့် လေ့လာရေးခရီးထွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သူရဲကောင်းစစ်သည်ဗိမာန် ပတ်ဝန်းကျင်၏ ရာဇဝင်၊ ရွှေတိဂုံစေတီတော် ပတ်ဝန်းကျင်တစ်ဝိုက် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်၊သွေးဆေးကန်ဖြစ်ပေါ်လာရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး သွေးဆေးကန်သို့ သွားရောက်၍ လေ့လာကြသည်။

လေ့လာကြည်ညို

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်မှ တက်ကြပြီး ရာဟုထောင့်ရှိ ရွှေတိဂုံကုန်းတော်ကို ခံတပ်ပြုလုပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ လက်တွေ့ပြသရှင်းလင်းသည်။ ဆက်လက်၍ ပုံတော်စေတီအား လေ့လာကြည်ညိုကြပြီး ရွှေတိဂုံစေတီတော် ရင်ပြင်သို့တက်ရောက်ကာ စဥ့်ကူမင်းခေါင်းလောင်း တန်ဆောင်း၌ တာဝန်ရှိသူတို့က ရှင်းလင်းပြောကြားသည်။

အကျယ်တဝင့်

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား လက်ယာရစ်ပူဇော်၍ ဆံတော်တွင်းအကြောင်း၊ သာယာဝတီမင်း ခေါင်းလောင်းအကြောင်း၊ အရံစေတီတော်များ အကြောင်း၊ ဘိလပ်ပြန် မတ်ရပ်ရုပ်ပွားတော်အကြောင်းများကို တာဝန်ရှိသူတို့က ရှင်းလင်းပြောကြားသည်။ ထို့နောက် ရခိုင်တန်ဆောင်း၊ ရွှေဂုဏ်မြင့်တန်ဆောင်းနှင့်နှစ်ပြားတန်ဆောင်းများရှိ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သော ပန်းဆွဲ၊ သစ်ထွင်းပန်းချီ ရုပ်တု၊ ကနုတ်လက်ရာများဖြင့် ပုံဖော်ထားသည့် သမိုင်းရာဇဝင်များ၊ ယွန်းတန်ဆောင်း၊ ရွှေပြာသာဒ်တန်ဆောင်းများ အကြောင်းကို တာဝန်ရှိသူတို့က အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးငယ်ရွယ် အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ရွှေတိဂုံစေတီရင်ပြင်တော်မှနံနက် ၁၁နာရီခွဲတွင် လေ့လာရေးအစီအစဉ်ပြီးဆုံးကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြားကြည့်ရှုရေးစခန်းများ စည်းရုံးဖွင့်လှစ်

လားရှိုး ဖေဖော်ဝါရီ ၂

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးဇုန်ကကြီးမှူး၍ ကျေးလက်နေ ပြည်သူများ ပညာဗဟုသုတရရှိစေရန် လည်းကောင်း၊ အပန်းဖြေကြည့်ရှုနိုင်ရန်လည်းကောင်း ကျေးရွာများတွင် မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုရေးစခန်းများကို ခရိုင်အလိုက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဖွင့်လှစ်

လားရှိုးခရိုင် တန့်ယန်းမြို့နယ် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံတာဝန်ခံ ဦးဝင်းထွန်းနိုင်၏ စည်းရုံးကြိုးပမ်းမှုဖြင့် တန့်ယန်းမြို့နယ် မန်ကပ်ကျေးရွာနှင့် မိုင်းပတ်ကျေးရွာတို့တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြားကြည့်ရှုရေးစခန်းများကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာများရှိ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ကျင်းပရာ တန့်ယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံရွှေအောင်နှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံ ဦးဝင်းထွန်းနိုင်၊ မန်ကပ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကုနနှင့် မိုင်းပတ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ပြည်နယ် ပြန်/ဆက်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သည့် ဘားအံမြို့ အမှတ်(၂)ရပ်ကွက်ရှိ လမ်းများဖွင့်ပွဲကို ဒီဇင်ဘာ၃၁ ရက်ကကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဈေးမိဈေးဖများ ဦးဆောင်မှုဖြင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ဈေးမီးဘေး ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှုသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က အဆိုပါဈေး၌ကျင်းပရာ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းစိုးက သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။

(၄၁၇)

အမြို့မြို့ အနယ်နယ် သတင်းများ

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေတို့ ဒီဇင်ဘာ ၂၆ရက်က ချောင်းဦး မြို့နယ် ပဲပြစ်တောကျေးရွာရှိ ဦးမြင့်နိုင်၏ ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးအလှပြပွဲ၊ ပြိုင်ပွဲ ဆုရသူများ ဆုချီးမြှင့်

မိတ္ထီလာ ဇန်နဝါရီ ၁၆

မိတ္ထီလာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးအလှပြပွဲ ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉နာရီက ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပရာ မိတ္ထီလာမြို့ရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများမှ ကလေးငယ် ၁၈၀နှင့် မိခင် ၆၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန် ဒေါက်တာ ဒေါ်ဌေးဌေးဝင်းက ကလေးငယ်များကို အကဲဖြတ် အမှတ်ပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍တက်ရောက်လာကြသည့် တာဝန်ရှိသူများက အသက်အပိုင်းအခြားအလိုက် ပထမ၊ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ကလေးငယ်များ၊ အမြွှာဆု ၁၀ ဆု၊ လွတ်လပ်ရေး မောင်မယ်ဆုရ ခြောက်ဦးနှင့် စံပြမိခင်လေးဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်
၇-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မန္တလေးတိုင်းစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ ယောနယ်ကတောင်သာ လူမျိုးတို့ပျော်ရာ ပုံတောင်ပုံညာ သွား-တောလား (ဒေါက်တာဦးဖေဉာဏ်)

၁၂း၂၅ သူ့အတွေးနှင့်သူ့အရေး (အလှူဒါန-ပါရဂူ)

၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) ရွှန်းရွှန်းမြသီချင်းခန့်လေးနှင့် ညာသပြေဘောင်ကြိုး (ဦးသိန်းကြွယ်)
(၂) စိန်ကြောင်နီလာပတ်ပျိုး (ကြူကြူသင်း)

ညနေပိုင်း

၁၆း၁၀ ဟောပြောချက် (သာယာအေးချမ်းမောတို့ပြည်နယ်ရှမ်း)

၁၇း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ခရေပင်ရိပ်ဝယ် (စန္ဒရားကျော်ဇောလေး)
(၂) မောင်မုန်းနေလည်းရပါတယ် (မေယုမော်)
(၃) လွမ်းဇာတာများပါခဲ့လေသလား (ကိုသစ်လွင်)

၁၇း၃၀ အစာနှင့် အာဟာရ (ရှမ်းရိုးရာစားဖွယ်ရာ)

၁၇း၄၅ သူ့လက်သံ (ဧရာဝတီတိုင်းမှ ဦးအောင်အောင်၏ စန္ဒရားလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) မေတ္တာနှလုံးသား ပုံရိပ်များ (မောင်ခင်မင်-ဓနုဖြူ)
(၂) အမျိုးသားရောဂါ သိကောင်းစရာနှင့် ကာကွယ်ကုသနည်း (ဆရာမြင့်-စကြာမင်း)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (AZLA တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မန္တလေးသိန်းဇော်၏ ရွှေပွင့်လွှာ တေးစီးရီး)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အိပ်မက်ထဲက ကိုယ့်ချစ်သူ (လှမြင့်ဝေ)
(၂) အချစ်ဆူး (နိုင်နိုင်မော်)
(၃) သိပ်လှပါတယ်မကျည်းတန် (မောင်မောင်ညွှန့်)

စုပေါင်းလေ့ကျင့်

အိမ်မဲမြို့ မြို့မဈေးကြီးတွင် မီးဘေး ကြိုတင်ကာကွယ်ရေး အတွက် ဇန်နဝါရီ ၂၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဇာတ်တိုက်လေ့ကျင့်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ် အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးတို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကလောမြို့ မောမြေဦးပန်းခြံ စုပေါင်းသန့်ရှင်း

ကလော ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ မောမြေဦးပန်းခြံအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို ဇန်နဝါရီ၁၃ ရက် နံနက် ၇နာရီခွဲက ကျင်းပသည်။

အဆိုပါ ကလောမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ရာသို့ နယ်မြေခံတပ်နယ်မှူးနှင့်တာဝန်ရှိသူများက လာရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ၂၆ရက်က ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ရုံးဝင်းရပ်ကွက် ပြည်သူများပူးပေါင်း၍ ရပ်ကွက်အတွင်း လမ်းဘေးဝဲယာရှိ ပေါင်းမြက်၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကိုကိုနိုင်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်လမ်းဂဝံခင်း

ကျောက်ကြီး ဇန်နဝါရီ ၁၅

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျောက်ကြီး-မုံးကားလမ်းမကြီးဘေးရှိ မျက်ရဲကျေးရွာမှ ငထွေစုတ်ကျေးရွာ ကျေးလက်လမ်း ဂဝံလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးကိုကိုလေးသည် ကွင်းဆင်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(၂၁၁)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုင်းဇင်းကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၉ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဆွမ်းဆန်တော်အိတ်နှင့် အလှူငွေကျပ်သိန်း ၂၀ မော်ကျွန်း၌ ဆက်ကပ်လှူဒါန်း

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၃

သီရိသုဓမ္မ မဏိဇောတရေ ဘွဲ့တံဆိပ်ရ ဦးမောင်လှ-ဒေါ်ရွှေစိန် (ဒေါ်မြလွင်)(မော်လမြိုင်ကျွန်းမြို့ နန္ဒဝန်ဆန်စက်၊ မိဘမေတ္တာဆန်စက်) မိသားစုတို့က အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား ပဌမအကြိမ်မြောက် ဆွမ်းဆန်တော်အိတ်တစ်ရာနှင့် အလှူငွေကျပ်သိန်း ၂၀ ဆက်ကပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ရက် နံနက် ၁၁နာရီက မော်လမြိုင်ကျွန်းမြို့ နန္ဒဝန်ဆန်စက် ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ယင်းဆွမ်းဆန်တော် လှူဒါန်းပွဲသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ စိန္တိတာလင်္ကာရ(အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တ ကောဝိဒ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ (ရွှေကျင်) ဘဒ္ဒန္တ ရာဇိန္ဒ(မဟာဂန္ထဝါစကပဏ္ဍိတ)နှင့် မြို့နယ်သံဃနာယက ဆရာတော်များ ကြွရောက်တော်မူပြီး မြို့နယ်အဖွဲ့ဝင်(၁) ဒုတိယရဲမှူးဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ အလှူရှင်မိသားစုများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါလှူဒါန်းပွဲတွင် အလှူရှင်မိသားစုများက သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံ ဆွမ်းဆန်တော်အိတ်တစ်ရာနှင့် သီတဂူ အလှူငွေကျပ်သိန်း ၂၀တို့ကို ဆက်ကပ်လှူဒါန်းကြသည်။ **(ဝဲပုံ)** အလှူရှင်မိသားစုများ၏ လှူဒါန်းမှုမှာ မော်လမြိုင်ကျွန်းမြို့ ဘုရားကြီးတိုက် သာသနာ့ရိပ်သာတွင် ဆောက်လုပ်ဆဲ မိဘရိပ်ငြိမ် သဒ္ဓမ္မပါလကျောင်းတော်အတွက် မတည်အလှူငွေ ကျပ်သိန်း ၃၀၀အပါအဝင် ငွေကျပ်သိန်းပေါင်း ၂၇၀၀ကျော် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **(ဝ၉၇)**

မြို့နယ် သတင်းများ

လယ်ဝေးမြို့၌ စာပေဟောပြော

လယ်ဝေး ဇန်နဝါရီ ၂၅

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် လယ်ဝေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် သုခရိပ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီတို့၏ ဦးဆောင်မှုဖြင့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၈ ရက် ညပိုင်းက သာဝတ္ထိ အခြေခံပညာ အထက်တန်းကျောင်းဝင်းတွင် ကျင်းပရာ စာရေးဆရာမ မိချမ်းဝေက "စာရေးသူနှင့် သူဖန်တီးသည့်အနုပညာ"၊ စာရေးဆရာ မောင်သာချိုက "လှသောစိတ်" နှင့် စာရေးဆရာ ချစ်ဦးညိုက "သာဝတ္ထိအတွက် စာပေစကားလက်ဆောင်" ခေါင်းစဉ်များဖြင့် သုတရသ စာပေအဖြာဖြာတို့ကို ဟောပြောကြသည်။

(စာပေနှင့်စာနယ်ဇင်း)

ဈေးပတ်လမ်း ကတ္တရာခင်း

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝိုင်းမော်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရုံးမှ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်သော အမှတ်(၁၀)လမ်းနှင့် ဈေးပတ်လမ်း ကတ္တရာခင်းမှုကို ဇန်နဝါရီ ၂ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တလုတ္တော် အထက(ခွဲ) မြတ်ဆရာပူဇော်မည်

ဟသ်ာတ ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်း ဟသ်ာတခရိုင် တလုတ္တော် အထက(ခွဲ)ကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသူကျောင်းသားဟောင်းများက စုပေါင်း၍ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသူ ကျောင်းသားဟောင်းများ အလှူငွေ လှူဒါန်းလိုပါက ဦးထွန်းထွန်းနိုင် ဖုန်း-၀၄၄-၇၀၀၁၂ (တလုတ္တော်)၊ ဒေါ်စုကြည်ကြည် ဖုန်း-၀၄၄-၂၁၈၆၈ (ဟသ်ာတ) နှင့် ဦးကိုကိုနိုင် ဖုန်း-၆၈၃၅၇၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်မြို့ပီတိအခမဲ့ဆေးခန်းသို့ အလှူငွေပေးအပ်

ပြည် ဇန်နဝါရီ ၂၀

ပြည်မြို့ ခေတ္တရာလူငယ်များ သာရေးနာရေး ကူညီပံ့ပိုးမှု အသင်းကြီးက ပိုက်ရက်မရှိ အခမဲ့ဆေးကုသမှုနှင့် ဆေးဝါးများ ပေးနေသော ပြည်မြို့ လှိုင်ဂါတ်လမ်း ဆံတော်နယ်မြေတွင် ပီတိအခမဲ့ဆေးခန်းကို ဇန်နဝါရီ ၈ ရက်က စတင်ဖွင့်လှစ်ရာ အလှည့်ကျဆရာဝန်ငါးဦးခန့်ဖြင့် တစ်နေ့လျှင် လူနာ၇၅ဦးနှုန်း ဆေးကုသပေးခဲ့သည်။

ဂုဏ်ပြုလွှာ

အဆိုပါ ဆေးခန်းသို့ ရန်ကုန်မြို့ စမ်းချောင်းအရှေ့ကန်လမ်းနေ ဦးစိုးမြင့်-ဒေါ်ကြင်တီမိသားစု(ကိုယ်စား) ဦးအကောက်(စိန်ဟင်းမုန့်တိုက်) ပြည်က ငွေကျပ် ၁၃ သိန်းကို လှူဒါန်းခဲ့ပြီး အသင်းနာယက ဦးသန်းထွန်းဦး (ဘူးစိမ်းကြီး လက်ဖက်ခြောက်)က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

အလားတူ ပြည်မြို့ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များ အသင်းက ငွေကျပ်နှစ်သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၁၉၉)**

ကျေးလက်မီးသေး ကာကွယ်ရေး မနေ့းဆောင်ရွက် တို့အတွက်

စာပေဟောပြောပွဲ ပိန်းဇလုပ်မြို့၌ ကျင်းပ

ပိန်းဇလုပ် ဖေဖော်ဝါရီ ၂

ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့က ကြီးမှူးကျင်းပသော စာပေဟောပြောပွဲကို ဇန်နဝါရီ၁၆ရက် ည၇နာရီက ပိန်းဇလုပ်မြို့လယ် စင်မြင့်၌ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးသိန်းညွန့်(သတင်းထောက်-သိန်းညွန့်)က ဆောင်ရွက်၍ ပိန်းဇလုပ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းတင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) ဥက္ကဋ္ဌ၏ စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က ဖတ်ကြားသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ အဏ္ဏဝါစိုးမိုး၊ အမျိုးသားစာပေဆုရ မိချမ်းဝေနှင့် နေမျိုးအေး(ခေါ်)ရဲခေါင်မဲမောင်တို့က သိကောင်းစရာများ ဟောပြောကြသည်။

ဆက်လက်၍ စာရေးဆရာများအား စာပေဟောပြောပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်း**(အောက်ပုံ)**နှင့် အမျိုးသမီးရေးရာအဖွဲ့ ဒေါ်ခင်မာဝင်း(လန်းဆန်းပွင့်ဆေးဆိုင်)တို့က လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများ တောင်ငူ၌ ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

တောင်ငူ ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူမြို့နယ်တွင် ထောက်ပံ့ငွေရရှိကြသည့် အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ရှစ်ဦးနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သမီးနှစ်ဦးတို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဇော်ချစ်(ငြိမ်း) **(ယာပုံ)** နှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း)တို့က ထောက်ပံ့ငွေ ပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်စည်းရုံးရေးကော်မတီဝင်များ၊ အခြေခံစည်းရုံးရေးခေါင်းဆောင်များ၊ သက်ကြီးစစ်မှုထမ်းဟောင်းများ၊ ပညာရည်ချွန်ဆုရ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။ **(၁၀၃)**

ကျောက်စီရေကျော်တံတား မိုးနဲမြို့၌ တည်ဆောက်

မိုးနဲ ဇန်နဝါရီ ၂၀

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လုပ်ငန်းဖြစ်သော ဂမုန်းလမ်း ကျောက်စီရေကျော်တံတား တည်ဆောက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ကြရာ ဇန်နဝါရီ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အင်းတော် အောင်ချမ်းသာလမ်း ကတ္တရာလမ်းသစ်ဖွင့်

အင်းတော် ဇန်နဝါရီ ၁၅

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းတော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်သော အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက် ချမ်းသာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈နာရီက အဆိုပါ လမ်းသစ်ရှေ့ မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးက ချမ်းသာလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲ ကျင်းပနိုင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အောင်ချမ်းသာရပ်ကွက်ပြည်သူများကိုယ်စား ဦးထွန်းရီက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးက လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် အောင်ချမ်းသာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်တိုး တို့အား ပေးအပ်သည်။

ဖွင့်လှစ်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်တိုးတို့သည် ချမ်းသာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(၁၃၃)**

၂၀၀၇ – ၂၀၀၈ စီမံကိန်း ရည်မှန်းရန် အဆိုပြုချက် ညှိနှိုင်းအစည်းအဝေး တောင်ကြီးပြည်နယ်ခန်းမ၌ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းရန် အဆိုပြုချက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက် နံနက်၉နာရီက ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်အဆင့် စီမံကိန်းဝင်ဌာနများဖြစ်ကြသည့် ပြည်နယ် မြေစာရင်းဦးစီးဌာနမှ ဦးတင်ဆန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြည်နယ်မန်နေဂျာ ဦးကျော်သန်း၊ ပြည်နယ် သစ်တော ဦးစီးဌာနမှ ဦးသောင်းတင်၊ မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယတာဝန်ခံမန်နေဂျာ ဦးမြင့်စိုးနှင့် စက်မှုလက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးတက်တိုးတို့က လုပ်ငန်းနှင့်ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်အမျိုးသား စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဝင်းက ၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းရန် အဆိုပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ညှိနှိုင်းဆွေးနွေးကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း လှိုင်မြို့နယ် ပြည်လမ်း ၆ မိုင်ခွဲ အမှတ်(၅၇)နေ အစ်မကြီး ဒေါ်ခင်နု၊ ဦးလှဖေ – ဒေါ်စိန်မြ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋက ဆရာတော် ဘဒ္ဒန္တ စာရိန္ဒာသဘထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းသို့ အရင်းမပျောက် မတည်ငွေပေးအပ်

မြိတ် ဇန်နဝါရီ ၂၀

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့က အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းသို့ အရင်းမပျောက် မတည်ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ၈ရက် နံနက်၉နာရီက မြိတ်မြို့အမျိုးသမီး သက်မွေးအတတ် ပညာသင်ကျောင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန်းဌေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကက အရင်းမပျောက် မတည်ငွေကျပ် ငါးသိန်းကို အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းသို့ ပေးအပ်လှူဒါန်းရာ**(ယာပုံ)** ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ဦးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းဌေးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း သင်တန်းသူများချုပ်လုပ်သော အဝတ်အထည်များနှင့် သင်တန်းကျောင်း စိုက်ခင်းထွက် သီးနှံများကို ဝယ်ယူအားပေးကြပြီး ကျောင်းစိုက်ခင်းရှိ အောင်မြင်ဖြစ်ထွန်းနေသော ပြောင်း၊ ငရုတ်၊ ပန်းဂေါ်ဖီ၊ မုန်လာဥနှင့် ချဉ်ပေါင်စသော ဟင်းသီးဟင်းရွက်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရတနာလမ်း ကတ္တရာခင်းလုပ်ငန်းဆောင်ရွက်

ဖျာပုံ ဖေဖော်ဝါရီ ၂

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ် လျာထားငွေဖြင့် မြို့၏ အဓိကအချက်အချာကျသည့် ရတနာလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းခွင်သို့ ဇန်နဝါရီ ၂၆ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် လက်ထောက် အင်ဂျင်နီယာ ဒေါ်လေးခင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်ခိုင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါ လမ်းမှာ အရှည် ၁၃၆၅ ပေ၊ အကျယ် ၁၄ ပေရှိပြီး ကုန်ကျငွေကျပ် ၈၈ဒသမ၈၃သိန်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၅၈)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ စည်ပင်လုပ်ငန်းများအဆင့်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေး ခရိုင်အလိုက်ဆောင်ရွက်

ပြည် ဖေဖော်ဝါရီ ၂

စည်ပင်သာယာရေးဦးစီးဌာန ၂၀၀၆ခုနှစ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များကို ဇန်နဝါရီ ၂၇ ရက်က ပြည်မြို့ တိုင်းစည်ပင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို လည်းကောင်း **(အပေါ်ပုံ)**၊ ဇန်ဝါရီ၂၈ရက်က သာယာဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို လည်းကောင်း ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ခရိုင်အလိုက် ထပ်ဆင့်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(တိုင်း စည်ပင်)**

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့စိမ်းလန်းစိုပြည်လှပရေး ဆောင်ရွက်

မိုးညှင်း ဇန်နဝါရီ ၅

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်း သပ်ရပ်လှပသောမြို့ ဖြစ်စေရေးတို့အတွက် ဒီဇင်ဘာ ၁၉ ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးတင်ကိုလွင်နှင့် ဝန်ထမ်းများက လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး၊ ရာသီပန်းနှင့် အရိပ်ရပင်များ ရှင်သန်ဖူးပွင့်စေရန် ပေါင်းသင် ခြင်း၊ အစားထိုးစိုက်ပျိုးခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် မြက်ဖြတ်ခြင်း၊ မြေယာရှုခင်း အလှပြုပြင်ခြင်း၊ ရာသီပန်းများ အဆက်မပြတ် ပွင့်ဖူးစေရန် အစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာသို့ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဉပဒေအခွန်နှင့် စစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့် ဒုတိယညွှန်ကြားရေးမှူးဦးညီညီတင်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွှန့်က လိုက်လံ ရှင်းလင်းပြသကြောင်း သိရသည်။**(အပေါ်ပုံ) (မြို့နယ် စည်ပင်)**

စာကြည့်တိုက်တည်တံ့ရေး အလုပ်ရုံဆွေးနွေး

မန္တလေး ဇန်နဝါရီ ၃၀

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပြည်ကြီးမျက်မှန် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့ပူးပေါင်းပြီး စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ၁၂ရက်က အဆိုပါရပ်ကွက်ရှိ နဂါးစံပြစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးလှိုင်မျိုး တို့က အမှာစကား ပြောကြားကြပြီး နဂါး စာကြည့်တိုက်အား မှတ်ပုံတင်နိုင်ရေး၊ စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူနိုင်ရေး၊ အသင်းဝင်အင်အား တိုးပွားရေးနှင့် စာအုပ်စာစောင် တိုးပွားရေးတို့ကို စာကြည့်တိုက်ကော် မတီဝင်များနှင့် ဆွေးနွေး ညှိနှိုင်းကြသည်။

ညှိနှိုင်း

စာကြည့်တိုက်မှူး ဦးအောင်စိုးဦးက စာကြည့်တိုက်အခြေအနေနှင့် ပတ်သက်၍ ဖွင့်လှစ်ပေးနိုင်မှု၊ စာအုပ်ငှားရမ်းမှုစသည်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးလှိုင်ဦးက စာကြည့်တိုက်ကော်မတီဖွဲ့စည်းရေး ဆွေးနွေးတင်ပြရာ စာကြည့်တိုက် ကော်မတီဝင်များက ရွေးချယ်ပြီး စာကြည့်တိုက်မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ရန် ဆွေးနွေး ညှိနှိုင်းကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာမျိုး၊ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နော်ထီးခေါ်ဖေါ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကဝမြို့မ ခြောက်ရပ်ကွက်က ကြီးမှူး၍ ရုံးဌာန၊ ရပ်ကွက်နှင့် ကျေးရွာများ စုပေါင်းပါဝင်သော ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော မြို့နယ်မြေစာရင်းဦးစီးဌာန ဘောလုံးအသင်းအား ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက ပထမဒိုင်းဆုကို ချီးမြှင့်စဉ်။ (၂၄၀)

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး
(၂၅၈၉) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်
(၁၃၆၈/၆၉) (၂၀၀၇)

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ယခုလာမည့်(၁၃၆၈–၆၉)ခုနှစ် တန်ခူးလဆန်း ၁၀ရက် (၂၇–၃–၂၀၀၇ ရက်) အင်္ဂါနေ့မှ တန်ခူးလပြည့်ကျော် ၄ရက် (၅–၄–၂၀၀၇ ရက်) ကြာသပတေးနေ့အထိ ၁၀ရက်တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲရွှင်ပွဲအတွက် မြေနေရာများကို (၁၈–၂–၂၀၀၇ရက်) တနင်္ဂနွေနေ့တွင်လည်းကောင်း၊ဈေးဆိုင်နေရာများကို (၁၁–၃–၂၀၀၇ ရက်) တနင်္ဂနွေနေ့တွင်လည်းကောင်း နံနက်၁၀နာရီအချိန်တွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များ သိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဖုန်း–၀၅၂–၂၁၀၆၈
၀၅၂–၂၄၂၅၅။

လူပျောက်ကြော်ငြာ

မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် အောင်တော်မူ မိဘမဲ့ပရဟိတကျောင်းမှ ကျောင်းသားလေးဦးသည် ကျောင်းမှ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာသို့ အမြန်ဆုံး ဆက်သွယ် ပြန်လည်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၁) မောင်အာနိုး (စတုတ္ထတန်း)
(၂) မောင်ဇော်မြင့်နိုင် (တတိယတန်း)
(၃) မောင်ရိုင်အေး (ပထမတန်း)
(၄) မောင်နိုင်နွယ် (ပထမတန်း)

ဆရာတော် ဦးသီလာစာရ
အောင်တော်မူ မိဘမဲ့ပရဟိတ
ဘုန်းတော်ကြီးသင်၊ ပညာရေးကျောင်း
လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း–၂၅၁၅၄။



MD MODERN COSMETICS Co.,Ltd.

အောက်မြန်မာပြည်ရှိ အမြို့မြို့အနယ်နယ်မှ အလှကုန်ပစ္စည်းများ ဖြန့်ချိရေး ပြုလုပ်ရန် စိတ်ဝင်စားသော အရောင်းကိုယ်စားလှယ်များအား လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

MD အလှကုန်များအား အမြို့မြို့အနယ်နယ် ဖြန့်ချိရေးပြုလုပ်ရန် စိတ်ဝင်စားသော အရောင်းကိုယ်စားလှယ်များ–

ဆက်သွယ်ရန်လိပ်စာ–
MD MODERN COSMETICS Co.,Ltd.
အမှတ် ၂၂–က၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁–၇၀၉၁၁၅။
တရုတ်၊ မြန်မာဘာသာ ကျွမ်းကျင်စွာ ရေးသားပြောဆိုနိုင်ရမည်။ ကျား/မ (၂)ဦး

မသက်ဆိုင်တော့ပါကြောင်း

ကျွန်မဒေါ်ခင်နှင်းယု ၁၂/မရက (နိုင်) ၀၀၂၅၄၄၏ ခင်ပွန်း ဦးဇော်မျိုးထိုက် ၁၂/ဒလန (နိုင်) ၀၃၉၀၃၈သည် ၂၂–၅–၂၀၀၅ရက်နေ့က မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားသည့်အပြင် ကျွန်မပိုင်ဆိုင်သော ပစ္စည်းများကိုပါ ယူဆောင်သွားပြီး ယနေ့ထိတိုင် ဦးဇော်မျိုးထိုက်၏ သမီးဖြစ်သူ မသိရိထိုက်စံ အပေါ်တွင် ဖခင်ဝတ္တရားများ မကျေပွန်ခြင်း၊ ထောက်ပံ့ခြင်း မရှိတော့ပါသဖြင့် ကျွန်မ ဒေါ်ခင်နှင်းယု ၁၂/မရက (နိုင်) ၀၀၂၅၄၄နှင့် မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်နှင်းယု
၁၂/မရက(နိုင်)၀၀၂၅၄၄။

(၇)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဗိုလ်ကြီးအောင်ကျော်ဦး(တဗ–၂၁)

၆–၂–၂၀၀၀ ရက်နေ့မှာ မိသားစုကို ခွဲခွာသွားတာ ခုနစ်နှစ်ပြည့်ခဲ့ပြီ၊ တစ်နေ့တစ်ရက်မှ မေ့မရပါ။ သားကြီးအတွက် ပြုပေးခဲ့သည့် ကောင်းမှုကုသိုလ်များကို မြင့်မြတ်သောဘဝမှ သာဓုခေါ်နိုင်ပါစေ။

ဖေဖေ – ဗိုလ်မှူးကျော်ညွန့်(ငြိမ်း) ဒုတိယ ထွေ/မန်(လယ်ယာဘဏ်၊ ငြိမ်း)
မေမေ – ဒေါ်ဟန်နွယ်မြင့်
ညီမလေး – ပပကျော်(လက်ထောက်မန်နေဂျာ–MEB) – ဗိုလ်မှူးတင်အောင်ထွန်း
တူလေး – သားသားကြီး (မောင်အောင်သံလွင်ဦး)
ညီလေး – သူရကျော် B.E (EC) (ခေတ္တ–စင်ကာပူ)။

ဝမ်းနည်းကြေကွဲခြင်း
ဦးသန်းထွင့်(ခ)ဦးသန်းမောင်
အသက်(၇၈)နှစ်

အထက(၂)သဃ်န်းကျွန်းမှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့(ဘဏ္ဍာရေးမှူး) ဦးသန်းထွင့်သည် ၂–၂–၂၀၀၇ရက်နေ့တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊
ကျောင်းအုပ်ကြီးနှင့်ဆရာ ဆရာမများ၊
အထက(၂)သဃ်န်းကျွန်း။

မိုး
သတိပြု

ကွန်ပျူတာသင်တန်း မြင်းမူမြို့၌ ဖွင့်လှစ်

မြင်းမူ ဇန်နဝါရီ ၁၅

အခြေခံ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၀၇)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီက မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်ပျူတာခန်းမ၌ ကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြင်းခြံ မြို့နယ် အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၄ ရက်က စွန်းလွန်းဂူဝိပဿနာကျောင်း၌ ကျင်းပရာ အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဖေစိန်က ပညာရည်ထူးချွန်သော ကျောင်းသားတစ်ဦးအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ချီးမြှင့်စဉ်။ (က–ပ)

ကျောက်ပန်းတောင်း အထက(၁) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၅

ကျောက်ပန်းတောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ၂နာရီက အမှတ်(၁) အထက်တန်းကျောင်း စကားဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကျောင်းသူဟောင်း မြို့နယ်ပညာရေးမှူး ဒေါ်အကြူနှင့် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ၊ ဆရာမကြီးများအား ကန်တော့ကြပြီး ဆုံးမသြဝါဒခံယူရာ အငြိမ်းစားဆရာကြီး အသက် ၈၀ ကျော် ဦးသိန်းမြင့်က ဆုံးမ အမှာစကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် အာစရိယ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးတင်ဌေးက ပူဇော်ပွဲကျင်းပရခြင်းနှင့် နှစ်စဉ်ကျင်းပမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀စီနှင့် အဝတ်အထည်၊ ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ **(ဝ၆၁)**

ပြေးခုန်ပစ်ပြိုင်ပွဲ သာစည်မြို့၌ကျင်းပ

သာစည် ဇန်နဝါရီ ၁၅

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက်က သာစည်မြို့ မြန်မာ့မီးရထားစက်ခေါင်းရုံအားကစားကွင်းတွင်ကျင်းပရာ တိုင်း(၄) မြန်မာ့မီးရထားမှ လက်ထောက်အင်ဂျင်နီယာ ဦးဆန်းဦး(စက်မှု) တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၁၂ ရက်က နမ့်ဆန်မြို့ ကွမ်ဟယ်ကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦး စိုး ဝင်း မြင့် နှင့် အငယ်တန်းအင်ဂျင်နီယာ ဦးအောင်မြင့်ထွန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ် စည်ပင်)

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် အဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ ၂၂ ရက်က အဖွဲ့ပိုင်ရုံးဝင်းမြေအတွင်း စိုက်ပျိုးထားသည့် စားဖိုဆောင်စိုက်ခင်းသီးနှံများကို ပေါင်းသင် မြက်ရှင်းခြင်းများ ပြုလုပ်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာ၌ ဖြစ်ထွန်းနေသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီရယူ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားဖြစ်ထွန်းရေး အကျိုးရှိရှိ ထိရောက်စွာအသုံးပြု ကျောင်းသားလူငယ်များ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပညာအရည်အသွေး တိုးတက်အောင်ပျိုးထောင် နိုင်ငံတော်သစ်တည်ဆောက်ရေး အမျိုးသားရေးတာဝန်ကို ကျေပွန်တက်ကြွစွာထမ်းရွက်

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၅

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီ ၄၅ မိနစ်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊

စာမျက်နှာ ၄ ကော်လံ ၁ ●

မြန်မာ့အလင်း ယနေ့ ဆောင်းပါး အညွှန်း

တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးဟု ... ဆိုကာ(၂)

ဘကြီးစိုး ။ ၁၉၉၅ ခုနှစ်က ဒေါ်စုကြည် ခြိမ်းခြောက်တောင်းဆိုခဲ့တဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာနဲ့ အခု ၂၀၀၇ ခုနှစ်မှာ အမေရိကန်နဲ့ ဗြိတိန်တို့ လုံခြုံရေးကောင်စီကတစ်ဆင့် ခြိမ်းခြောက်တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာဟာ အမှန်တကယ် တွေ့ဆုံ ဆွေးနွေးချင်လို့ မဟုတ်ဘူးကွယ့်။

ကြီးကြီးမြ ။ ဒေါ်စုကြည် ၁၉၉၅ ခုနှစ် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုခဲ့တုန်းက အမျိုးသားညီလာခံ ကျင်းပနေတယ်မဟုတ်လား။ အခုအမေရိကန်နဲ့ ဗြိတိန်တို့ ၂၀၀၇ ခုနှစ် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုနေချိန် မှာလဲ အမျိုးသားညီလာခံ ကျင်းပနေတယ် မဟုတ်လား။

စိုးမြကျော် ။ ဒေါ်စုကြည်က ၁၉၉၅ ခုနှစ် တွေ့ဆုံဆွေးနွေးရေးတောင်းဆိုမှုနဲ့ အမျိုးသားညီလာခံပျက်အောင် ဖျက်ခဲ့တယ်။ အခု အမေရိကန်နဲ့ ဗြိတိန်တို့က ၂၀၀၇ ခုနှစ် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုမှုနဲ့ အမျိုးသားညီလာခံကို ထပ်ဖျက်ဖို့ လုပ်လာပြန်တာပါကလား။

စိုးမြကျော်၏ ဆောင်းပါး(စာ ၈-၉နှင့် ၁၀)တွင် အကျယ်တဝင့် ဖတ်ရှုလေ့လာနိုင်ကြပါသည်။